# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 1 September 2020 ၁၀၁၂၂


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် အနီးတစ်ဝိုက်ဒေသများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



**ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိ...**

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် အနီးတစ်ဝိုက်ဒေသများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၇ ဦးအား ပါရီမြို့အခြေစိုက် Amelia Airline ကယ်ဆယ်ရေးအထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊

စာမျက်နှာ ၃ ကော်လံ ၅ သို့ ■

## ကြေးမုံ ယနေ့ ဖတ်စရာ


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာမျက်နှာ » ၈

**ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ကုစားရေးလုပ်ငန်းစဉ်များအတွက် စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ရွှေ့ပြောင်းရလဒ်များ ထုတ်ပြန်** စာမျက်နှာ » ၅

**သင်ရိုးသစ်** ဆောင်းပါး စာမျက်နှာ » ၁၀


**ဝန်မြစ်ရေ သာပေါင်းမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်နိုင်**

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးဂရုပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# မှန်ကန်မှုဖြင့် စည်းလုံးညီညွတ်မှုဆောင်

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ စည်းလုံးညီညွတ်ရေးသည် မြန်မာနိုင်ငံအတွက် အစဉ်အမြဲလိုအပ်နေသောအရာ ဖြစ်သည်။ မတူကွဲပြားသောဒေသများအကြား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေရန်အတွက် လိုအပ်ချက်များကို အဘက်ဘက်က ဖြည့်ဆည်းပေးနေသော်လည်း ယုံကြည်မှုနည်းပါးသူများ၊ အစွန်းထွက် အမြင်ရှိသူများ၏ အပြုသဘော မဆောင်ကွဲလွဲမှုများကြောင့် စည်းလုံးညီညွတ်မှုကို လျော့ပါးစေပါသည်။

နည်းပညာတိုးတက်လာသောခေတ်တွင် တိုင်းပြည်စည်းလုံးညီညွတ်ရေးကို လျော့နည်းပျက်ပြားစေနိုင်သည့် လုပ်ဆောင်မှုများ အလွယ်တကူ ရှိလာသည်။ ယင်းသည် ဆိုရှယ်မီဒီယာများ၌ မမှန်သတင်းများဖြင့် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများ ဖန်တီးလာခြင်း ဖြစ်သည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် မမှန်သတင်းများ၊ ကောလာဟလသတင်းများဖြင့် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်မှုများရှိခဲ့သည်။ မျက်မှောက်ကာလတွင် ရခိုင်ပြည်နယ်အရေးကိစ္စကို ပုံဖော်၍ တိုင်းပြည် ထိခိုက်နစ်နာပျက်စီးအောင်၊ ကမ္ဘာ့အလယ်တွင် နိုင်ငံ့ပုံရိပ်ကျဆင်းလာအောင် လုပ်ဆောင်မှုများရှိခဲ့သည်။

မမှန်သတင်းများ ရေးသားထုတ်လွှင့်နေကြခြင်းနှင့်ပတ်သက်၍ ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်နေကြသူများနှင့် အပြန်အလှန်ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဆိုရှယ်မီဒီယာတွင် ရေးသားနေကြသူများသည် တာဝန်သိစိတ်၊ အမှန်တကယ်စေတနာဖြင့် ရေးသားတင်ပြရန်လိုအပ်ပါကြောင်း၊ အရေးကြီးသည်မှာ အချက်အလက်မှန်ကန်ရန် ဖြစ်ပါကြောင်း၊ တချို့သည် မစဉ်းစားဘဲ၊ မှန်ခြင်း၊ မမှန်ခြင်းကို ဂရုမစိုက်ဘဲ ဆိုရှယ် မီဒီယာပေါ်တွင် ရေးသားတင်ပြကြပါကြောင်း၊ ဆိုရှယ်မီဒီယာတွင် တင်ပြရာတွင် မှန်ကန်မှုရှိရန် ပထမအချက်ဖြစ်ကြောင်း၊ မှန်ကန်ပြီး အများအတွက် အကျိုးရှိရန်လည်း စဉ်းစားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ယခုလုပ်နေရသည့်လုပ်ငန်းများကို ပိုမိုခက်ခဲစေသည့်ကိစ္စများကို ဆိုရှယ်မီဒီယာများတွင် ရေးသားတင်ပြခြင်းကို လူတိုင်းက ဆင်ခြင်ရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ယနေ့အချိန်အခါတွင် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် ကိုဗစ်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် အရေးတကြီးဆောင်ရွက်နေရသောကာလဖြစ်သည်။ ကိုဗစ်ရောဂါ ပြန့်ပွားခြင်းကြောင့် ရခိုင်ပြည်နယ်သူပြည်နယ်သားများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊ မကြာမီကာလအတွင်း ကိုဗစ်ရောဂါကို ပိုင်ပိုင်နိုင်နိုင်ကိုင်တွယ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည်။ စည်းလုံးညီညွတ်မှုဖြင့် လက်တွဲဆောင်ရွက်နေကြသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်နေကြသည်ကို မှန်မှန်ကန်ကန် သိမြင်နားလည်ဖို့ လိုအပ်သည်။ ပြည်သူပြည်သားများ စိုးရိမ်ပူပန်မှုဖြစ်နေချိန်တွင် သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ မှန်ကန်မှုမရှိသည့် သတင်းအချက်များကို မျှဝေမပေးဖို့လိုသည်။ သတင်းများ တိကျမှန်ကန်မှုရှိ၊ မရှိ ဆင်ခြင်ရမည်။ မတိကျ၊ မမှန်ကန်သည့်သတင်းများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမည့် နှိုးဆော်မှုများကို မပြုလုပ်ဖို့လိုမည်ဖြစ်သည်။

လတ်တလော ရခိုင်ပြည်နယ်အရေးကိစ္စတွင် အားလုံးပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် တစ်ဦးအပေါ်တစ်ဦးနားလည်မှု၊ မေတ္တာထားမှု၊ ယုံကြည်အားကိုးမှုများ ရရှိလာမည်ဖြစ်သည်။ ယင်းသည် စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်သာမက ပြည်ထောင်စုကြီးတစ်ခုလုံး ရင်ဆိုင်နေရသည့်ကိစ္စများ၊ စိန်ခေါ်မှုများကို ကျော်လွှားသွားနိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်သည် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုသည့် နောက်ခံသမိုင်းကြောင်းများ၊ ပဋိပက္ခများရှိခဲ့သည်။ အမုန်းတရားကို တူးဆွနေသူများ၊ မတူညီသော လူ့အသိုက်အဝန်းများအကြား မေတ္တာမပွားနိုင်ဘဲ တစ်ဦးနှင့် တစ်ဦးအကြားတွင် ပဋိပက္ခများ တိုးပွားအောင် လှုံ့ဆော်နေမှုများ ရှိခဲ့သည်။ ယခုအခါ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ လျော့နည်းပျက်ပြားသွားအောင် ကာကွယ်တိုက်ဖျက်ကြရာတွင် မတူညီသော အသိုက်အဝန်းများအကြား မှန်ကန်သော စိတ်စေတနာများထားရှိကြသည်ကိုပြသခြင်းဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသော အရေးကိစ္စအတွက် အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်နေကြချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားအသိပေးထားသကဲ့သို့ ယခုအချိန်တွင် မည်သူက အမှန်တကယ်စေတနာရှိသည်ဆိုသည်မှာ ပေါ်လွင်လာမည်ဖြစ်သည်။ ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်ဟူသည့် စည်းလုံးညီညွတ်သော မှန်ကန်သည့်စိတ်ဓာတ်ဖြင့် ရှုမြင်ရန်၊ မှန်ကန်သည့် စိတ်ဓာတ်ဖြင့် အသိပေးကြရန် အထူးလိုအပ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကိုဗစ်-၁၉ ကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုပစ္စည်းများပေးအပ်

**လေးမျက်နှာ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)မှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကြီးမြင့်က ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကိုဗစ်-၁၉ ကာလအတွင်း လေးမျက်နှာမြို့နယ်၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ကိုဗစ်-၁၉ ကော်မတီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများကို ချီးမြှင့်ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့အတွက် ဆန်အိတ် ၃၀၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန အတွက် ဆန်အိတ် ၅၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အတွက် ဆန် ၁၀ အိတ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဆန် ၁၀ အိတ်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဆန် ၁၀ အိတ်၊ မြို့နယ်ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းအတွက် ဆန် ၁၀ အိတ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အရန်ဆန်အဖြစ် ဆန်အိတ် ၃၀ တို့ကိုလည်းကောင်း လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကြီးမြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်း၊ ကိုဗစ်-၁၉ ကော်မတီအတွင်းရေးမှူး ဒေါက်တာစုစုလှိုင်နှင့် သက်ဆိုင်ရာဌာနအသီးသီးမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လက်ခံရယူကြပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ရာ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

ယင်းနောက် လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)မှ နာယက ဦးနေဝင်း-ဒေါ်ခင်သင်းလွင် (ဝင်းကမ္ဘာလျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး ရန်ကုန်)က ကိုဗစ်-၁၉ ကာလအတွင်း လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် လူနာ ၃၆ ဦး၊ အိုင်သပြုဆေးရုံ၌ လူနာရှစ်ဦး၊ လှော်ကထားဆေးရုံ၌ လူနာလေးဦး စုစုပေါင်းလူနာ ၄၈ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၈၀၀၀၀ ကိုလည်းကောင်း၊ အာလ်ထရာဆောင်းရိုက်ရန် ငွေကြေးအခက်အခဲဖြစ်နေသည့် အမျိုးသမီး (လူနာ) တစ်ဦးအတွက် ထပ်ဆောင်းထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း နာယကကြီးကိုယ်စား လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများက ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ရွှေမိုး(လေးမျက်နှာ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁-၈-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၈၀၀ | ၈၆၉ | ၈,၅၃၃,၁၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၁,၂၀၆ | ၄,၄၃၀,၈၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၉၂၁ | ၇,၁၈၃,၈၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၈၅၁ | ၁၈,၂၉၆,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၆၆၅ | ၁,၇၉၅,၅၀၀ |
| EFR | ၃,၁၀၀ | ၃,၀၅၀ | ၇၃ | ၂၂၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃၁

ရန်ကုန်(ရွှေဈေး) ၁၃၀၆၀၀၀ မန္တလေး(ရွှေဈေး) ၁၃၀၆၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၅/၆၀၀ ကျပ် | ၆၀၀/၆၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၅၅/၅၉၀ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၃၅/၆၅၀ ကျပ် | ၆၉၀/၇၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၀၅/၅၄၀ ကျပ် | ၅၆၅/၅၇၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၀/၄၉၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀/၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၀/၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၁.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၄၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၇၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၇၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၂၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၀.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၈.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၇.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၂၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## Myanmar International (MITV Channel) ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

Myanmar International (MITV Channel) ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

အစည်းအဝေးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က Myanmar International (MITV Channel) ၏ သမိုင်းကြောင်း၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် သုံးသပ်ချက်ကိုလည်းကောင်း၊ ဒေတ္တဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာက MITV ၏ ဖွဲ့စည်းပုံ၊ ပညာရှင်နှင့်ဝန်ထမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာများ ဖြည့်တင်းဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်းက MITV Channel အရည်အသွေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ရေရှည်ဆောင်ရွက်မည့် အစီအမံတို့ကိုလည်းကောင်း၊ Chief Operation Officer ဦးဇော်မင်းအောင်က အစီအစဉ်များ တိုးတက်ဆောင်ရွက်နိုင်မှုနှင့် ကုမ္ပဏီမှ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ဌာနနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လိုသည့် အချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ Senior Executive Director ဒေါက်တာသိန်းသန်းဦးက MRTV နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်မည့် Myanmar International Radio Channel (MIR Channel) အစီအစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Myanmar International (MITV Channel) ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

### ကြည့်ရှုနှုန်းလေ့လာသုံးသပ်

ထိုသို့ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လတ်တလော တိုးတက်ပြောင်းလဲဆောင်ရွက်နိုင်မည့် အစီအစဉ်များကို မြန်မြန်ဆန်ဆန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ ရေရှည်ဆောင်ရွက်လိုသည့် အစီအမံများကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးပြီး ပြုစုတင်ပြရန်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ အလေးထားပြီး ထိန်းချုပ်၊ ကာကွယ်၊ ကုသရေး ဆောင်ရွက်နေမှု စသည်တို့အပါအဝင် MITV ၏ မူလရည်မှန်းချက်များနှင့်အညီ အစီအစဉ်ကောင်းများ ထုတ်လွှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ MITV Channel ကို ပရိသတ်ကြည့်ရှုမှု မြင့်တက်လာစေရေး ဆောင်ရွက်မည့်အစီအစဉ်နှင့် အဆိုပါကြည့်ရှုနှုန်းကို ပြုစုလေ့လာသုံးသပ်မည့် အစီအမံများ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

### ပြောင်းလဲထုတ်လွှင့်ခဲ့

မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များအား နိုင်ငံတကာက သိရှိစေရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် နိုင်ငံပိုင်ရုပ်သံလိုင်း MRTV-3 Myanmar International Channel ကို ၂၀၀၁ ခုနှစ် ဩဂုတ် ၁၉ ရက်က စတင်ထုတ်လွှင့်ခဲ့ရာမှ နိုင်ငံတကာ ထုတ်လွှင့်မှုအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဖမ်းယူရရှိနိုင်စေရေး၊ Global Coverage တိုးချဲ့နိုင်ရေး၊ ထုတ်လွှင့်ချိန်အား ၂၄ နာရီအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရေးနှင့် အသွင်သစ်အမြင်သစ်များဖြင့် Channel Rebranding ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီတို့ ပူးပေါင်း၍ Myanmar International Television(MITV) အမည်ဖြင့် ၂၀၁၀ ပြည့်နှစ် မတ် ၃၁ ရက်မှစ၍ ပြောင်းလဲထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့် အဓိကထုတ်လွှင့်သည့် Myanmar International Radio Channel(MIR)ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာတို့ ပူးပေါင်း၍ FM ရေဒီယိုဖြင့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ထုတ်လွှင့်ပေးလျက်ရှိပြီး ၎င်းအစီအစဉ်များကို MIR ၏ Mobile Application၊ Facebook နှင့် Website တို့မှလည်း နားဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး Industry 4.0 in Myanmar အွန်လိုင်းဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၃၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်စက်မှုနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ (AHK Myanmar) က Industry 4.0 in Myanmar ခေါင်းစဉ်ဖြင့် ကျင်းပသည့် အွန်လိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။




### အစားထိုးနေရာယူလာ

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုနည်းပညာသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာတွင် Internet of Things (IOT)၊ Big Data၊ Artificial Intelligence (AI) နှင့် Robotics ကဲ့သို့သော နည်းပညာများသည် စက်ရုံအလုပ်ရုံများကို သက်ရောက်မှုရှိစေရုံမက လူသားများ၏ အလုပ်အကိုင်များကို အစားထိုးနေရာယူလာနေသည်ကို တွေ့ရှိရပါကြောင်း၊ Roland Berger နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်စက်မှုနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ (AHK Myanmar) တို့ ပူးပေါင်းပြုစုသည့် " Industry 4.0 in Myanmar: Leapfrogging across sectors and how to overcome the barriers" သုတေသနစာတမ်းအတွက်လည်း ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိုဘိုင်းဆက်သွယ်ရေး၊ ငွေကြေးဆက်သွယ်ရေး၊ အီလက်ထရွန်နစ် စီးပွားရေးနှင့် စမတ်စီးတီးနယ်ပယ်များတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုလုပ်ကိုင်လျက် တိုးတက်မှုများကို မြင်တွေ့နေရပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကာလတွင် သင်ယူမှုအခွင့်အလမ်း မဆုံးရှုံးရေးအတွက် အွန်လိုင်းသင်ယူမှုနှင့် ပေါင်းစပ်သင်ယူမှုတို့သည် အရေးပါသည်မှန်သော်လည်း ၂၁ ရာစု အရည်အသွေးများအတွက် အရည်အသွေးပြည့်ဝသော ဆရာများနှင့် စာသင်ခန်းတွင်း သင်ယူရေး၊ ကျောင်းသားများ၏ Soft Skills များကို မြှင့်တင်ပေးရေးတို့မှာလည်း အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ပါကြောင်း၊ Industry 4.0 ခေတ်ကာလတွင် အလုပ်အကိုင်ကောင်းများရရှိရေးအတွက် ယှဉ်ပြိုင်ရာတွင် လိုအပ်သော တတ်ကျွမ်းမှုများရရှိစေရန် အကျိုးရှိသည့်ဘာသာရပ်များကို ဘဝတစ်သက်တာ သင်ယူမှု အခွင့်အလမ်းများရရှိစေရန်အတွက် High-tech Learning သာမက High-touch Learning သည်လည်း အရေးပါမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာဆရာများအတွက် Grade 4, 7, 10 သင်ရိုးသစ်ဆိုင်ရာ အွန်လိုင်းသင်တန်းကို မြန်မာဒစ်ဂျစ်တယ်ပညာရေးပလက်ဖောင်း (MDEP) ကို အသုံးပြုပို့ချခဲ့ပါကြောင်း။

ဆက်လက်၍ အွန်လိုင်းသင်ယူမှုများကို အဆင့်လိုက်ဆောင်ရွက်သွားရန် စီစဉ်ပံ့ပိုးလျက်ရှိပါကြောင်း၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍကိုလည်း ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် ပထမတန်းစားပညာရေးဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲသို့ တင်သွင်းလာသော သုတေသနစာတမ်းမှ တွေ့ရှိချက်၊ အကြံပြုချက်များကို အလေးထားပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) နှင့် လိုက်လျောညီထွေရှိသည့် National Industry 4.0 နည်းဗျူဟာများကို အကောင်အထည်ဖော်ရန် ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ အေဂျင်စီများနှင့် သက်ဆိုင်သူများအားလုံးကို ပူးပေါင်းပါဝင်ရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် ဂျာမန်သံအမတ်ကြီး Thomas Neisinger က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ Panel Discussion ကျင်းပဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**■ ရှေ့ဖုံးမှ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၇ ရက်တွင်လည်း ပြင်သစ်၊ အီတလီနှင့် နယ်သာလန်နိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် Norwegian Cruise Line Holding Ltd. ကုမ္ပဏီ၏ ကမ္ဘာလှည့်သင်္ဘောများပေါ်မှ မြန်မာသင်္ဘောသား စုစုပေါင်း ၈၃ ဦးတို့အား Amelia Airline ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသတ် မွမ်းမံတည်ဆောက်ရေး၊ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြန်လည်မွမ်းမံပြုပြင်ရေးနှင့် ပရိယတ္တိစာအောင်ဆုပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၁**

ထာဝရငြိမ်းချမ်းရေးစေတီတော်ဘက်စုံအချောသတ် မွမ်းမံတည်ဆောက်ရေး၊ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြန်လည်မွမ်းမံပြုပြင်ရေးနှင့် ပရိယတ္တိ စာအောင်ဆုပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။



ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသတ် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်ကြီးတံခွန်မြို့နယ် မဟာသုဒ္ဓရာရာမပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တ အာဝုဓ(လက်ပံတောင်း)နှင့် ထန်းတပင်မြို့နယ် ရွာမပရိယတ္တိ တပ်ဦးကျောင်းတိုက်မှ ဘဒ္ဒန္တ ဝိနယာစာရတို့က အလှူငွေကျပ် သိန်း ၅၀ စီ၊ ကျောက်တန်းမြို့ ဓမ္မဒါယာဒါသဒ္ဓမ္မရံသီရိပ်သာမှ ဘဒ္ဒန္တ ဝဏ္ဏိတက အလှူငွေကျပ် ၄၅ သိန်း၊ ဒေါပုံမြို့ ပြဿဒ်ကျောင်း ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တ သေကပဏ္ဍိတ၊ ပြည်မြို့ ဓမ္မသိင်္ဂီမင်းကျောင်းတိုက်မှ ဒေါက်တာ ဘဒ္ဒန္တ ပညာစက္က၊ တွံတေးမြို့ ရတနာ့ဗိမာန်ကျောင်းမှ ဘဒ္ဒန္တ တေဇောသာရနှင့် မုဒုံမြို့နယ် အောင်တော်မူကျောင်းမှ ဘဒ္ဒန္တ သီလဝံတတို့က အလှူငွေကျပ် သိန်း ၃၀ စီ၊ တွံတေးမြို့ ဓမ္မရက္ခိတကျောင်းတိုက်မှ ဘဒ္ဒန္တ စရဏ၊ ဘီးလင်းမြို့နယ် အောင်ဗောဓိမဏ္ဍိုင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (တောင်စွန်း)မှ ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတ၊ တောင်တွင်းကြီးမြို့နယ် ငါးဆင့်အရှေ့ကျောင်းတိုက် မိုးကုတ်ရိပ်သာမှ ဘဒ္ဒန္တ ဓမ္မပီယ၊ ခရမ်းမြို့နယ် ကံသာကျောင်းတိုက်မှ ဘဒ္ဒန္တ ပညာဝံသ၊ မော်လမြိုင်မြို့ ပဏ္ဍိတာရုံ ပရိယတ္တိစာသင်တိုက်မှ ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတာ ဘိဝံသ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဟာသံ်ာတမိုးကုတ်ဝိပဿနာဓမ္မရိပ်သာမှ ဘဒ္ဒန္တ သုန္ဒရနှင့် မုဒုံမြို့နယ် ဇိနရံသီ ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တ နန္ဒနတို့က အလှူငွေကျပ် သိန်း ၂၀ စီ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မိုးကုတ်ဝိပဿနာ ရွှေခြံ ဓမ္မရိပ်သာမှ ဘဒ္ဒန္တ ဇာဂရိယက အလှူငွေကျပ် ၁၅ သိန်း၊ မှော်ဘီမြို့နယ် ကိုးလုံးကွင်း ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တ ဃောသိတ၊ လှိုင်သာယာမြို့နယ် စန္ဒာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဘဒ္ဒန္တ စန္ဒာဝရ၊ စဉ့်ကိုင်မြို့ မိုးကုတ်ဝိပဿနာ မဟာစေတြာ ရာမကျောင်းတိုက်မှ ဘဒ္ဒန္တ စန္ဒာသီရိ၊ မင်္ဂလာဒုံမြို့နယ် ဆင်ဖုန် ဒက္ခိဏာရုံကျောင်းမှ ဘဒ္ဒန္တ ဝါယာမိန္ဒ၊ စဉ့်ကိုင်မြို့ တောမတောင်ပေါ်တောရကျောင်းမှ ဘဒ္ဒန္တ ပညာဝံသနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်မှ ဒေါ်ခေမာရီတို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ ရန်ကင်းမြို့နယ်မှ သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းမြမိသားစုနှင့် ဦးနိုင်အေး-ဒေါ်နှင်းသက်ကျော်နိုင် (Myanmar First Asia Group of Companies) မိသားစုတို့က အလှူငွေကျပ်သိန်း ၁၀၀၀ စီ၊ ဗဟန်းမြို့နယ်မှ သုဓမ္မမဏိဇောတဓရ ဦးစိုးသန်းထွန်း-ဒေါ်ခင်မေသန်း (ပွင့်သစ်စမ်းမိသားစုကုမ္ပဏီ)နှင့် ဦးကျော်ကျော်ဦး- သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းစိန်မိသားစုတို့က အလှူငွေကျပ် သိန်း ၅၀၀ စီ၊ SME Development Bank ဒုတိယဥက္ကဋ္ဌ အမှုဆောင်အရာရှိချုပ် ဒေါက်တာ ဇေယျာညွန့် - သီရိသုဓမ္မသိင်္ဂီ ဒေါ်အိသန္တာဘိုမိသားစုက အလှူငွေကျပ် သိန်း ၃၀၀၊ ပန်းဘဲတန်းမြို့နယ်မှ ဒေါ်ကြည်ကြည်လွင် (ခ) ဒေါ်ကြူကြူ (ခေတ်ဆန်း စကြာရွှေရည် စိန်ရွှေရတနာလုပ်ငန်းက ငွေကျပ်သိန်း ၁၅၀၊ စမ်းချောင်းမြို့နယ် ယုဇနစီးပွားရေးစင်တာမှ ဒေါ်သီတာအောင်က အလှူငွေကျပ် ၇၅ သိန်း၊ Strong Source Holding Co.,Ltd. အမှုဆောင်အရာရှိချုပ် ဦးစိုးနိုင်က အလှူငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ် ၄၀၅၅ သိန်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး) မိသားစုက အလှူငွေကျပ် သိန်း ၁၀၀ နှင့် ၈၀၀၀ ကျပ်၊ ပရိယတ္တိစာအောင်ဆုပဒေသာပင်အတွက် ဗဟန်းမြို့နယ် ဇေယျသိဒ္ဓိ သီလရှင်စာသင်တိုက်မှ ဒေါ်ခေမာစာရီတို့က အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားပြောကြားသည်။

အခမ်းအနားသို့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ခရစ္စရှန် ရှမစ်၏ နေရာတွင် မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ အား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ခရစ္စရှန် ရှမစ်၏ နေရာတွင် မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ ကို ၁၉၆၀ ပြည့်နှစ်၊ ဇွန်လတွင် အီတလီနိုင်ငံ၊ ရောမမြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ၎င်းသည် အီတလီနိုင်ငံ၊ University of Perugia မှ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး အထူးပြုဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ Italian Volunteer Service ၌ စေတနာ့ဝန်ထမ်းအဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ European Commission ၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ရှိ EU External Action Service (EEAS) ၊ Division for the Pacific နှင့် Division for South East Asia and ASEAN တို့တွင် ဌာန အကြီးအကဲအဖြစ်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ အီသီယိုပီးယားနိုင်ငံ အဒစ်စ်အဘာဘာမြို့၌ ရုံးစိုက်သည့် အာဖရိကသမဂ္ဂဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အီတလီ၊ အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန် ဘာသာစကားများ တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီး နှစ်ဦးရှိသည်။

သတင်းစဉ်

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ အများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက် ရှိပါသည်။

ထို့ပြင် ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့်အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ် လျာထားမိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေ နိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ်လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေ လုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများ အဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ် ရန်ကုန်တိုင်းဒေသကြီးရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် လေးထပ်ကျောင်းသူ အိပ်ဆောင်၊ ရှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့များက စနစ်တကျ စစ်ဆေးကြပ်မတ်ရန်၊ သက်ဆိုင်ရာ ကုမ္ပဏီများကလည်း လုပ်ငန်းများကို စေတနာထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကိုဗစ်-၁၉ ကာလအလွန် ပညာသင်ကြားနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ စည်းကမ်းချက်များနှင့်အညီ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာတို့၌ Social Distancing နှင့်အညီ ခင်းကျင်းစီမံဆောင်ရွက်ထားမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးက ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံမှာကြားရာတွင် ကျောင်းသားကျောင်းသူများသည် နယ်စပ်ဒေသအသီးသီးတွင် နေထိုင်သူများဖြစ်ပြီး အတွေးအခေါ်၊ အယူအဆ၊ ခံယူချက် အမျိုးမျိုးရှိသူများဖြစ်၍ ဆရာ ဆရာမများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၏ လက်ရှိ ဖြစ်ပွားမှုအခြေအနေအရ ရောဂါကူးစက်နှုန်းမြန်ဆန်ပြီး အတည်ပြုလူနာများပြားလာသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ရောဂါကြိုတင်ကာကွယ်ရေး ထုတ်ပြန်ချက်များကို တိတိကျကျ လိုက်နာသွားရန် လိုအပ်ကြောင်း။

လက်ရှိကျောင်းများ ပိတ်ထားရသော်လည်း ဆရာ ဆရာမများအနေဖြင့် မိမိဘာသာရပ်များကို ပိုမိုတိုးတက်စေရန် Online စနစ်ဖြင့် လေ့လာရေး၊ ခေတ်မီသင်ကြားနည်းစနစ်များကို လေ့လာ၍ ဌာနအတွင်း ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပါမောက္ခချုပ်များကော်မတီက ကြီးမှူးကျင်းပသော အဆင့်မြင့်ပညာကဏ္ဍ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ ပညာရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အသိပညာပြန့်ပွားရေး Online Zoom Presentation များကိုလည်း တက်ရောက်လေ့လာသင်ယူပြီး သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုအချိန်တွင် မိမိတို့ကျောင်း၏ ဥပမိရပ် သာယာလှပစေရေး စီမံဆောင်ရွက်ထားကြရန် လိုပါကြောင်း၊ ကိုဗစ်-၁၉ နှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် ဖြစ်နိုင်ခြေများကို ကျန်းမာရေးအသိ၊ ပညာရေး၊ လူမှုရေးရှုထောင့်များဖြင့် ကြိုတင်မြော်တွေးစဉ်းစား သုံးသပ်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှစ်ထပ်စားရိပ်သာ၊ စတိုဆောင်၊ ကျောင်းအုပ်ကြီးနေအိမ် စသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့တို့ရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများ၊ သက်ကြီးဘိုးဘွားများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်နှင့် ပုံမှန်စားနပ်ရိက္ခာ ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၃၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့တို့ရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများ၊ အသက် (၈၀)နှင့်အထက် (၈၅)နှစ်အောက် ဘိုးဘွားများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပုံမှန်စားနပ်ရိက္ခာထောက်ပံ့မှုအစီအစဉ်အရ ပလက်ဝမြို့နယ် တိန်းလက်ဝကျေးရွာရှိ တိုက်ပွဲရှောင်သူများအတွက် စားနပ်ရိက္ခာသုံးလစာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ချင်းပြည်နယ် လူမှုရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ပေးကြသော ညွှန်ကြားရေးမှူးများ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ပြည်နယ်ငါးခုရှိ တိုက်ပွဲရှောင်စခန်းများနှင့် IDP စခန်းများတွင်နေထိုင်ကြသည့် အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများဝယ်ယူနိုင်ရန် အိမ်ထောင်စုအလိုက် ငွေကြေးထောက်ပံ့ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အသက်(၈၀) နှင့်အထက် (၈၅)နှစ်အောက် ဘိုးဘွားများအား ကိုဗစ်-၁၉ကာလအထူးလူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့မှုများ ပေးအပ်လျက်ရှိကြောင်း၊ ပြန်လည်



ထူထောင်ရေးဦးစီးဌာနအနေဖြင့် ထပ်မံစာရင်းကောက်ယူရရှိသော မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ခြင်းများကို ပေးအပ်လျက်ရှိကြောင်း။

**ဖြေရှင်းဆောင်ရွက်**

ထို့အပြင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်၍ ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးစီမံချက်များအရ တိုက်ပွဲရှောင်စခန်းများ၊ IDP စခန်းများတွင် ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးခြင်းကို ကျယ်ပြန့်ထိရောက်စွာနှင့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် အသိပညာပေးနှိုးဆော်အကြံပြုချက်များ ထည့်သွင်းထားသော Memory Stick များနှင့် လက်ကိုင်အသံချဲ့စက်များ ပံ့ပိုးခြင်း၊ နှာခေါင်းစည်း၊ Face Shield၊ လက်ဆေးဆပ်ပြာ၊ ဘေစင်၊ အပူချိန်တိုင်းကိရိယာများနှင့် ရေရရှိရေးပံ့ပိုးပေးခြင်း၊ စခန်းများတွင် သံသယလူနာတွေ့ရှိပါက သီးခြားခွဲ၍ နေထိုင်နိုင်ရန် Long House များ တည်ဆောက်နိုင်ရန် ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုထောက်ပံ့မှုများသည် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ၏အခက်အခဲများကို လက်တွေ့ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

**ပူးပေါင်းပါဝင်ရန်လို**

ထို့အပြင် ချင်းပြည်နယ်အတွင်း မိမိတို့ဝန်ကြီးဌာနက ပုံမှန်ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ယခုအခါ၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု များပြားလာသဖြင့်လည်းကောင်း၊ ချင်းပြည်နယ်သည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများပြားသော အိန္ဒိယနိုင်ငံနှင့် ဆက်စပ်မှုရှိသောကြောင့်လည်းကောင်း အထူးသတိပြုရန်နှင့် မိမိတို့အနေဖြင့် လိုအပ်ချက်များကို ပူးပေါင်းဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

**လက်ဝယ်ပေးအပ်မည်**

ယင်းနောက် ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းနှင့် IDP စခန်းများတွင် နေထိုင်ကြသူများ၊ ပြည်နယ်အတွင်းရှိ သက်ကြီးရွယ်အို ဘိုးဘွားများအတွက် ထောက်ပံ့မှုများကို အကျိုးခံစားခွင့်ရှိသူများ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပလက်ဝနှင့် ဆမီးမြို့တို့ရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၁၉၈၂ စုအတွက် ထောက်ပံ့ငွေကျပ် ၇၉ ဒသမ ၂၈ သန်း၊ တိန်းလက်ဝကျေးရွာရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၁၇၉ စု၊ လူဦးရေ ၉၂၁ ဦးအတွက် စားနပ်ရိက္ခာသုံးလစာ ထောက်ပံ့ငွေကျပ် ၃၃၃၃၀၉၀၀၊ ပလက်ဝမြို့နယ်အတွင်းရှိ အသက်(၈၀)နှစ်နှင့်အထက် (၈၅) နှစ်အောက် ဘိုးဘွား ၁၈၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅ ဒသမ ၅၂ သန်းတို့ကို ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများက ချင်းပြည်နယ် ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ချင်းပြည်နယ်အတွင်း စာရင်းကောက်ယူရရှိသော မသန်စွမ်းသူဦးရေ ၆၁၃၀ တို့အတွက် လွှဲအပ်ပြီးဖြစ်သော ငွေကျပ် ၁၈၃ ဒသမ ၉ သန်းကို မသန်စွမ်းသူများ လက်ဝယ်အရောက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ကုစားရေးလုပ်ငန်းစဉ်များအတွက် စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၁**

ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ကုစားရေးလုပ်ငန်းစဉ်များအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက လိုအပ်လျက်ရှိသည့် စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များ ထုတ်ပြန်ပေးရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။

၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များ ထုတ်ပြန်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒုတိယဝန်ကြီးက ထိုသို့ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

**အထောက်အပံ့ဖြစ်မည်**

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၁၉ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အချက်အလက်များသည် ကိုဗစ်-၁၉ မတိုင်မီနှင့် ကိုဗစ်-၁၉ အလွန်ကာလ ပြောင်းလဲမှုများ၊ ကိုဗစ်-၁၉ ၏ နောက်ဆက်တွဲအကျိုးဆက်များကို ဆန်းစစ်လေ့လာရန်နှင့် ကုစားရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် စနစ်တကျ ပြင်ဆင်အကောင်အထည်ဖော်ရာတွင် များစွာအထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ၏ ပကတိလူမှုစီးပွားရေး အခြေအနေမှန်ကိုပြဆိုသည့် အရင်းအမြစ်များအဖြစ် ယင်းရလဒ်များကို အသုံးပြုကြပါရန် တိုက်တွန်းပါကြောင်း။

ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလရှိ မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးမှန်ကန်စွာခန့်မှန်းနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP) ကို အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သော အညွှန်းကိန်းများရရှိနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

**တန်ဖိုးမဖြတ်နိုင်**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ယင်းနိုင်ငံ၏ စာရင်းအင်းအချက်အလက်များက ညွှန်ပြနေကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရလဒ်များ ထွက်ရှိလာခြင်းသည် မိမိတို့ဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပါဝင်ကြသူများအတွက် မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များ ဖြစ်ပါကြောင်း၊ အဆိုပါ အရင်းအမြစ်များကို မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများအတွက် လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ လူမှုစီးပွားဘဝ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင်လည်းကောင်း၊ စာရင်းအင်းဆိုင်ရာ အညွှန်းကိန်းအသုံးပြုသူများအတွက်လည်းကောင်း ထိရောက်စွာအသုံးပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan က ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းလုပ်ငန်းစဉ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက ၂၀၁၉



ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရလဒ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကောက်ယူနိုင်ခဲ့**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ရလဒ်များကို ဆန်းစစ်လေ့လာထားသည့် ပိုမိုပြည့်စုံ၍ အသေးစိတ်အချက်အလက်များပါဝင်သော ပင်မအစီရင်ခံစာကို ယခုနှစ်မကုန်မီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် ခရိုင်အဆင့် ကိုယ်စားပြုအညွှန်းကိန်းများ ရရှိနိုင်ရန် ရည်ရွယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း ၃၉၆၀၊ အိမ်ထောင်စု ၁၃၂၀၉၂ စုနှင့် လူဦးရေ ၅၄၈၅၅၃ ဦးတို့ကို ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းတွင် လူဦးရေဆိုင်ရာ မေးခွန်းများ၊ လူမှုစီးပွားဆိုင်ရာအချက်အလက်များဖြစ်သည့် ပညာရေးနှင့်လုပ်သားအင်အား မေးခွန်းများ၊ မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းစသည့် လူဦးရေပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းအချက်များ၊ မသန်စွမ်းမှု၊ သက်ကြီးရွယ်အို၊ ဘဝပျော်ရွှင်မှုနှင့် အထောက်အပံ့ရရှိမှုစသည့် လူမှုဘဝလိုအပ်ချက်များကို ဖော်ထုတ်သည့်မေးခွန်းများ၊ အိမ်အကြောင်းအရာ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးတို့နှင့် ဆက်စပ်မေးခွန်းများကို မေးမြန်းခဲ့ခြင်းဖြစ်၍ အညွှန်းကိန်းများစွာကို ဖော်ထုတ်ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်း- မျိုးသူဟိန်း**

**ဓာတ်ပုံ-ကျော်ဇင်ထိုက်**

# ရေလှောင်တမံတွေ ဘေးကင်းလုံခြုံမှုနဲ့ပတ်သက်ပြီး ဦးစားပေးအဆင့်ထား ဆောင်ရွက်လျက်ရှိပါတယ်။ အခုလို မိုးရာသီကာလမှာ အထူးဂရုစိုက်ပြီး စောင့်ကြပ်ထိန်းသိမ်းဆောင်ရွက်နေပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်

**သတင်းဆောင်းပါး-ရှင်မင်း**
**ဓာတ်ပုံ-မောင်ဖိုးဇော်(ကလေး)**

နှစ်ပေါင်းတစ်ရာကျော်အတွင်း တစ်ကြိမ်တစ်ခါမျှ ပြန်လည်တူးဖော်ခဲ့ခြင်း မရှိသဖြင့် ချိန်းချောင်း (မုက္ခမူချောင်း) တစ်လျှောက်တွင် ရေလမ်းကြောင်းများ ပြောင်းလဲလာခဲ့သည်။ ချောင်း၏ ရေစီးလမ်းကြောင်းသည်လည်း ကျဉ်းမြောင်းလာပြီး ချောင်းပေါင်မှရေလျှံကာ ချောင်းရိုးတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများ ရေလွှမ်းပျက်စီးမှုများ ကြုံတွေ့လာရသည်။

ချိန်းချောင်း(မုက္ခမူချောင်း) သည် အလျား ၃၆ ဒသမ ၅ မိုင်ခန့် ရှည်လျားကာ ကျောက်တံခါးမြို့နယ်အတွင်း အသဝိအင်းမှအစပြုကာ စီးဆင်းလာပြီး ညောင်လေးပင်မြို့နယ် ရေပေါ်သောင်ရွာအနီးတွင် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သော ချောင်းတစ်ခု ဖြစ်သည်။ ချိန်းချောင်း (မုက္ခမူချောင်း)သည် ရန်ကုန်- မန္တလေး ကားလမ်းဟောင်းနှင့် စစ်တောင်းမြစ် ရေဘေးကာကွယ်ရေးတာအကြား တည်ရှိပြီး ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့၏ ရေထုတ်နုတ်ရာ အဓိကရေနုတ်ချောင်းကြီးတစ်ခု ဖြစ်သည်။


ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်


ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးညွှန့်


ပဲခူးတိုင်းဒေသကြီး ချိန်းချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားစဉ်။

ချိန်းချောင်း(မုက္ခမူချောင်း) သည် ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အဓိကရေနုတ်ချောင်းဖြစ်သည့်အပြင် ယင်းအတွင်းသို့ ချောင်းလက်တက်ပေါင်းများစွာ စီးဝင်လျက်ရှိသည်။

သို့သော် ချောင်းကောလာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်မှုရှိလာသည့်အတွက် ချိန်းချောင်း (မုက္ခမူချောင်း) ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို လက်ရှိအစိုးရလက်ထက်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက အပိုင်းသုံးပိုင်းဖြင့် ပိုင်းခြားဆောင်ရွက်လျက်ရှိသည်။

ချိန်းချောင်း (မုက္ခမူချောင်း) ပြန်လည်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စိုင်ကွလေးကျေးရွာမှ မုက္ခမူမီးရထားသံလမ်းတံတားအထိ အပိုင်းကို အပိုင်း (၁) အဖြစ်လည်းကောင်း၊ မုက္ခမူ မီးရထားသံလမ်းတံတားမှ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် နယ်စပ်အထိ အပိုင်းကို အပိုင်း (၂) အဖြစ်လည်းကောင်း၊ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်စပ်မှ အသဝိအင်းအထိအပိုင်းကို အပိုင်း (၃) အဖြစ်လည်းကောင်း ပိုင်းခြားဆောင်ရွက်လျက်ရှိသည်။

စိုင်ကွလေးကျေးရွာမှ မုက္ခမူမီးရထားသံလမ်းတံတားအထိအပိုင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါအပိုင်း တူးဖော်ပြီးစီးသည့်အချိန်တွင် ချောင်း၏ရေနုတ်အားမှာ သိသိသာသာကောင်းမွန်လာခဲ့ပြီး ရေကြီးလွှမ်းမိုးမှုကို အတော်အတန်လျှော့ချနိုင်ခဲ့သည်။

"အခုလို ချိန်းချောင်း ပြန်လည်တူးဖော်လိုက်တော့ ရေနုတ်မြောင်း ရေစီးရေလာကောင်းသွားတယ်။ စိုက်ပျိုးမြေတွေ ရေလွတ်သွားတယ်။ ဘေးတာပေါင်နှစ်ဖက် ဖော်လိုက်တော့ ဘေးပတ်ဝန်းကျင်ကျေးရွာတွေ ရေဘေးကင်းလွတ်သွားပါမယ်။ တာပေါင်ကိုလည်း ကုန်ထုတ်လမ်းအဖြစ် သုံးနိုင်တယ်"ဟု ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာ ဒေသခံတောင်သူ ဦးစံထွန်းအောင်က ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် မုက္ခမူမီးရထားသံလမ်းတံတားမှ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် နယ်စပ်အထိအပိုင်း တူးဖော်ရေးလုပ်ငန်းများကို ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

"ကျွန်တော်တို့ ပဲခူးခရိုင်မှာ မြို့နယ်ရှစ်ခုရှိပြီး နှစ်စဉ်မိုးရာသီရောက်တိုင်း ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားရပါတယ်။ ဒါကြောင့် ဦးစားပေးအလိုက် ဆောင်ရွက်နေပါတယ်။ အခုနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာလည်း ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ အသုံးပြုပြီး ဆောင်ရွက်တဲ့ ချောင်းကော၊ မြောင်းကော တူးဖော်ပေးတဲ့လုပ်ငန်း သုံးခု ရှိပါတယ်။ ဒီလုပ်ငန်းသုံးခုထဲမှာ ညောင်လေးပင်မြို့နယ် ချိန်းချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း အပိုင်း (၂) က တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှာ လုပ်ငန်းစတင်ခဲ့ပြီး မတ်လ ၃၀ ရက်နေ့မှာ ရာနှုန်းပြည့် ပြီးစီးခဲ့ပါပြီ"ဟု ပဲခူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးညွှန့်က ဆိုသည်။

မုက္ခမူချောင်း(ခ) ချိန်းချောင်းသည် ညောင်လေးပင်မြို့နယ်၏ အဓိကပင်မ ရေနုတ်ချောင်းမကြီး ဖြစ်သည့်အလျောက် ယင်းချိန်းချောင်း အပိုင်း(၂)အား တူးဖော်ခြင်းကြောင့် ချောင်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ ကျေးရွာအုပ်စုခြောက်အုပ်စုရှိ လယ်မြေရေိယာပေါင်း ၁၂၀၀၀ ကျော်အား ရေကြီးနစ်မြုပ်ပျက်စီးမှုမှ လျှော့ချနိုင်ခဲ့ပြီး ယခင် ဆောင်းသီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးလုပ်ကိုင်ကြရရာမှ မိုးစပါးများ စိုက်ပျိုးခြင်း၊ ဆောင်းသီးနှံနှင့် နွေစပါးများပါ တိုးချဲ့စိုက်ပျိုး လုပ်ကိုင်လာနိုင်မည် ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်စပ်မှ အသဝိအင်းအထိ မုက္ခမူချောင်း(ခ)ချိန်းချောင်း အပိုင်း (၃) ဆက်လက်တူးဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ထိုကဲ့သို့ မုက္ခမူချောင်း(ခ)ချိန်းချောင်း ပြန်လည်တူးဖော်ခြင်းအပါအဝင် နိုင်ငံအတွင်းရှိ ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

"အဓိကကတော့ ပြောင်းလဲလာတဲ့ ရာသီဥတုဖြစ်စဉ်တွေနဲ့ လိုက်လျောညီထွေရှိဖို့ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေဖို့အတွက် ချောင်းကော၊ မြောင်းကောနဲ့ ရေနုတ်မြောင်း တူးဖော်တာတွေ ဆောင်ရွက်ပါတယ်။ အခုနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရေနုတ်မြောင်း တူးဖော်တဲ့ လုပ်ငန်း ၂၅ ခုကို တိုင်းဒေသကြီး ငါးခုမှာ ဆောင်ရွက်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ လေးခု၊ ပဲခူးတိုင်းဒေသကြီးမှာ ရှစ်ခု၊ မကွေးတိုင်းဒေသကြီးမှာ နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးမှာ ခြောက်ခုနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ငါးခုကို ရန်ပုံငွေကျပ် ၉၆၈၄ ဒသမ ၈၇၀ သန်း သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ လာမယ့်နှစ်တွေမှာလည်း ရရှိတဲ့ရန်ပုံငွေအပေါ်မူတည်ပြီး ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ပြောကြားသည်။


ရေဖြူကန်ကျေးရွာမှ ဒေသခံတောင်သူ ဦးစံထွန်းအောင်

နိုင်ငံအတွင်း ရေဘေးကာကွယ်ရေးနှင့် ရေငန်တားတာအရေအတွက် ၂၂၁ ခု၊ အလျားမိုင်ပေါင်း ၂၄၆၆ မိုင်ခန့်ရှိပြီး အဆိုပါ တာများ ကြံ့ခိုင်မှုရှိစေရေးအတွက် နှစ်စဉ်မိုးရာသီ မတိုင်မီ ပြုပြင်ခြင်းများ၊ ပန်းတာလိုအပ်သည့် နေရာများတွင် ပန်းတာသစ် လုပ်ဆောင်ခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်ထောင်စုရန်ပုံငွေ/တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများ အသုံးပြုဆောင်ရွက်ခဲ့ကာ ယခုမိုးရာသီကာလ တစ်လျှောက်လုံးမှာလည်း ၂၄ နာရီကင်းလှည့် စောင့်ကြည့်ထိန်းသိမ်းသည့် လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှု (Dam Safety) နှင့်ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။ နေ့စဉ်ပုံမှန်စစ်ဆေးခြင်း (Visual Inspection Report on Dam Surveillance) အစီရင်ခံစာပါ လုပ်ငန်းစဉ်များအတိုင်း ပုံမှန်စောင့်ကြည့်လျက်ရှိပြီး တမံစစ်ဆေးရေးအဖွဲ့ လေးဖွဲ့ဖွဲ့စည်း၍ နိုင်ငံအဝှမ်းရှိ ရေလှောင်တမံများအားလုံးကို အသေးစိတ်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စာမျက်နှာ ၇ သို့❖

**ကမ္ဘာ့ဘဏ် ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ဆွာချောင်း၊ ဘောနီ၊ သဲကော၊ မာလဲနတ်တောင်၊ မြောက်ယမား၊ ဆင်သေ၊ ငလိုက် ရေလှောင်တမံ များ၏ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံများကို ကမ္ဘာ့ဘဏ်၏ အတိုင်ပင်ခံ အဖွဲ့ဖြစ်သော KRC အဖွဲ့နှင့် ပူးပေါင်းရေးဆွဲ ဆောင်ရွက်လျက်ရှိ**


လယ်ဝေးမြို့နယ် ပေါက်မြိုင်စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားစဉ်။


လယ်ဝေးမြို့နယ် ပုံချီစနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားစဉ်။

❖ စာမျက်နှာ ၆ မှ

ထို့အပြင် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များနှင့် Dam Safety Management အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ကာ ရရှိလာသည့် နည်းပညာဆိုင်ရာ ဗဟုသုတများကို အခြေခံ၍ ရေလှောင်တမံတွင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်မှု မဖြစ်ပေါ်စေရေးနှင့် အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လာပါက တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှု လျော့ပါးသက်သာစေရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက် (Emergency Preparedness Plan–EPP) များ စနစ်တကျရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

“ကျွန်တော်တို့ဦးစီးဌာနကတည်ဆောက်ထိန်းသိမ်းထားရှိပြီးဖြစ်တဲ့ ရေလှောင်တမံအရေအတွက်ပေါင်း ၂၃၅ ခု ရှိပါတယ်။ အများစုဟာ မြေသားရေလှောင်တမံတွေဖြစ်သလို တည်ဆောက်ပြီးကာလမှာ နှစ် ၂၀ ကျော်တွေ များပါတယ်။ ဒါကြောင့်မို့ ရေလှောင်တမံတွေ ဘေးကင်းလုံခြုံမှု (Dam Safety)နဲ့ပတ်သက်ပြီး ဦးစားပေးအဆင့်ထား ဆောင်ရွက်လျက်ရှိပါတယ်။ အခုလို မိုးရာသီကာလမှာ အထူးဂရုစိုက်ပြီး စောင့်ကြပ်ထိန်းသိမ်းဆောင်ရွက်နေပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်နဝင်းရေလှောင်တမံ၏ အောက်ဘက်တွင် နေထိုင်သော ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေးဆွဲနိုင်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကညင်၊ မမြ၊ မုက္ခာ၊ သုံးဆယ်ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံများကို ဆက်လက်ရေးဆွဲလျက်ရှိကြောင်း သိရသည်။



ဘော်ဘင်ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားစဉ်။

ထို့အပြင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ဆွာချောင်း၊ဘောနီ၊သဲကော၊မာလဲနတ်တောင်၊ မြောက်ယမား၊ဆင်သေ၊ ငလိုက်ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှုတည်နေရာပြမြေပုံများကို ကမ္ဘာ့ဘဏ်၏ အတိုင်ပင်ခံအဖွဲ့ဖြစ်သော KRC အဖွဲ့နှင့် ပူးပေါင်းရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တည်ဆောက်ထားသည့် ဆည်၊ တာ၊တမံများမှ ပြည်သူများထံ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ လယ်ကြားမြောင်း တူးဖော်ခြင်းမရှိဘဲ ကွက်ဆင့်သောက်စနစ်ကိုအသုံးပြု၍ ရေယူခြင်းကြောင့် ရေလှည့်စနစ် ပေးဝေရာတွင် အဆင်မပြေခြင်း၊ ရေလုံလောက်စွာမရခြင်း စသည့် အခက်အခဲများကို အဓိကတွေ့ကြုံဖြေရှင်းရလျက်ရှိသည်။

ထို့ကြောင့် တည်ဆောက်ပြီး ရေလှောင်တမံ၊ ရေလွှဲဆည်များမှ ရေကိုအသုံးပြုပြီး စိုက်ပျိုးရေပေးဝေခြင်း ဆောင်ရွက်သည့်အခါ ရေလေလွင့်ဆုံးရှုံးမှုနည်းကာ အကျိုးရှိစွာဖြင့် သုံးစွဲနိုင်ရေးကို ဦးတည်ပြီး တိုက်ရိုက်ရေပေးမြောင်းတစ်ခုချင်းအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group– WUG)များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

“အခု ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ WUG အဖွဲ့ပေါင်း ၇၉၀၆ ဖွဲ့နဲ့ အဖွဲ့ဝင်တောင်သူဦးရေပေါင်း ၂၂၇၂၉၈ ဦးကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကဦးတည်တာကတော့ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ကိုအခြေခံပြီး ရေစီမံခန့်ခွဲမှု ပိုမိုစနစ်တကျရှိအောင် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ်က ပြောပြသည်။

ယခုနှစ်မိုးရာသီအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက် ထိန်းသိမ်းထားရှိသော ရေလှောင်တမံ ၂၃၅ ခုတွင် အများစုမှာ ရေဝင်ရောက်မှု နည်းပါးပြီး ရေလှောင်ပမာဏ သိသာစွာ လျော့နည်းကျဆင်းလျက် ရှိနေသည့်အတွက် ဆည်ရေသုံးစွဲရာတွင် ရေအလေအလွင့် နည်းပါးစွာ စနစ်တကျသုံးစွဲနိုင်စေရန် ရေအသုံးချသူများအဖွဲ့ (WUG) များနှင့် ပူးပေါင်းကာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ရေစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းလာပြီး ရေကိုပိုမိုချွေတာနိုင်ကာ စိုက်ပျိုးရေဖူလုံမှုကို အထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။



ဆွာရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားစဉ်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လက်ရှိအစိုးရလက်ထက်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပေါင်း ၁၃၂၉၆ ခု၊ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးအတွက် ရေနုတ်မြောင်းနှင့် ရေဘေးကာကွယ်ရေးတာ အပါအဝင် လုပ်ငန်း ၄၅၁၉ ခုနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၁၂၅၅ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

“အခုအစိုးရလက်ထက်မှာ လုပ်ငန်းပမာဏကြီးမားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏများပြားတဲ့ စီမံကိန်းအသစ်တွေကို တည်ဆောက်ခြင်းမပြုဘဲ အချိန်တိုအတွင်း ချက်ချင်းအကျိုးခံစားနိုင်တဲ့ ဆည်ရေသောက်စနစ်တွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် ရေလှောင်တမံ၊ ရေလွှဲဆည် တည်ဆောက်ပြီးစီးပေမယ့် ဆည်ရေသောက်စနစ်မပြီးသေးတဲ့ လုပ်ငန်းတွေ ပြီးစီးအောင်၊ တည်ဆောက်ပြီးကာလကြာမြင့်လာတဲ့အတွက် ရေပေးမြောင်းတွေ စွမ်းဆောင်ရည် ကျဆင်းလာတဲ့ ရေသောက်စနစ်တွေ အဆင့်မြှင့်တင် ပြုပြင်တာတွေ ဆောင်ရွက်ခဲ့ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထိုသို့ဆောင်ရွက်သည့်အခါ နိုင်ငံတော်ရန်ပုံငွေအပြင် ကမ္ဘာ့ဘဏ်၊ ဂျပန် ODA ချေးငွေအစရှိသည့် နိုင်ငံတကာချေးငွေများဖြင့်လည်း ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ရေသွင်းစိုက်ပျိုးနိုင်သောဧကများ တိုးတက်လာပြီး နွေစပါးနှင့် အခြားသီးနှံများကို ယခင်ကထက် တိုးတက်ရေပေးဝေ စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

**ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေ၊ ဆွာချောင်း၊ မာလဲနတ်တောင်နှင့် မြောက်ယမားရေလှောင်တမံတို့၏ ဆည်ရေသောက်စနစ်များကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အဆင့်မြှင့်တင်ပြုပြင်ပေးလျက်ရှိ၊ ယခု ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငလိုက်ရေလှောင်တမံ၊ ဇီးတောရေလွှဲဆည်၊ ဘောနီရေလှောင်တမံ၊ သဲကောရေလှောင်တမံတို့၏ ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိ။**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာအကူအညီများ ရယူ၍လည်းကောင်း အကောင်အထည်ဖော်လျက်ရှိရာ ပဲခူးအနောက်ဘက်ခြမ်းတွင် ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညို ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရေသောက်ဧရိယာဧက နှစ်သိန်းကျော်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေ၊ ဆွာချောင်း၊ မာလဲနတ်တောင်နှင့် မြောက်ယမားရေလှောင်တမံတို့၏ ဆည်ရေသောက်စနစ်များကို ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အဆင့်မြှင့်တင်ပြုပြင်ပေးလျက်ရှိကြောင်း၊ ယခု ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငလိုက်ရေလှောင်တမံ၊ ဇီးတောရေလွှဲဆည်၊ ဘောနီရေလှောင်တမံ၊ သဲကောရေလှောင်တမံတို့၏ ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက မူလဆည်ရေသောက်ဧရိယာ ငါးသိန်းခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင် တည်ဆောက်ပြီးကာလ ၅၂ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော ဝိုင်းမော်မြို့နယ် ဝါရှောင်ရေလွှဲဆည် အကြီးစားပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက မူလရေသောက်ဧရိယာ ၁၁၄၄၆ ဧကကို စိုက်ပျိုးရေပြည့်မီစွာပေးဝေနိုင်မည် ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်သူများ သောက်သုံးရေရရှိရေးအတွက် ရေရှားပါးသော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်၊ ပုလဲဒေသမှ ရေလှောင်ကန်များတွင် တူးဖော်ထားသော ရေလှောင်တွင်းများကို လိုအပ်သောအချိန်တွင် အသုံးပြု၍ မလိုအပ်သောအချိန်တွင် ပိတ်ထားခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် မြေအောက်ရေသယံဇာတ ရေရှည်တည်တံ့ရေးအတွက် ပိုက်ထောင်၍ ဂိတ်ဘားတပ်ခြင်း ၁၂၃၉ တွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ရွာငံ – ဟန်မြင့်မိုရ် ကားလမ်းပေါ်တွင် တည်ရှိ၍ ဓနုတိုင်းရင်းသားကျေးရွာဖြစ်သည့် ဆင်နက်ချောင်ကျေးရွာသည် သောက်သုံးရေ ရှားပါးပြတ်လပ်မှု ကြုံတွေ့နေရခြင်းကြောင့် အနက်ပေ ၆၀၀၊ အချင်း ခြောက်လက်မ စက်ရေတွင်း တူးဖော်အောင်မြင်ခဲ့ရာ ရေထွက်နှုန်း ၁၀၀၀ ဂါလန်/နာရီ ရေထွက်ရှိခဲ့ပြီး ဒေသခံပြည်သူများ၏ ရေအခက်အခဲ ပြေလည်စေခဲ့သည်။

ထိုကဲ့သို့ ပြည်သူများအတွက် ရေအသုံးချရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရန် မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့ရွာများနှင့် စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှု မရှိစေရေးအတွက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်တူးဖော်ခြင်းနှင့် သောက်သုံးရေစက်ရေတွင်းများ တူးဖော်ခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လိုအပ်ချက်အလိုက် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများအပြင် တည်ဆောက်ပြီးစီးသည့် ဆည်မြောင်းစီမံကိန်းများနှင့် မူလစီမံကိန်းလျာထားချက်အတိုင်း မပြီးစီးဘဲ ကျန်ရှိနေသည့် ရေသောက်စနစ်လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီး အသုံးပြုခဲ့သည့်သက်တမ်းကြာ၍ ပျက်စီးနေသော ဆည်မြောင်းစီမံကိန်းများ၏ ရေသောက်စနစ်များနှင့် ရေပေးအဆောက်အအုံများကို ဒေသအလိုက် ဦးစားပေးလိုအပ်ချက်အရ အသစ်ပြန်လည်မွမ်းမံ အကောင်အထည်ဖော်ခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ရင်းဖြင့် ပြည်သူတို့၏ အကျိုးစီးပွား၊ ဒေသခံတောင်သူများ၏ အကျိုးစီးပွားအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဖော်ဆောင်လျက်ရှိပါကြောင်း။ ။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လက်ရှိအစိုးရလက်ထက်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပေါင်း ၁၃၂၉၆ ခု၊ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးအတွက် ရေနုတ်မြောင်းနှင့် ရေဘေးကာကွယ်ရေးတာ အပါအဝင် လုပ်ငန်း ၄၅၁၉ ခုနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၁၂၅၅ ခုကို ဆောင်ရွက်နိုင်ခဲ့ . . .**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၂ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ ဒေါ်ကွေးကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ ဒေါ်ကွေးကြီး (ခ)အားညော်(၃၄)နှစ်၊ (ဘ)ဦးဆွေလီ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ ဘိန်းဖြူ များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မယ(ပ)၁၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကိုးတဲကျေးရွာနေ သန်းစိုး(ဘ) ဦးမောင်စိန် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကိုးတဲကျေးရွာ လမ်းမပေါ်၌ ၎င်းကျေးရွာနေသန်းစိုး(၃၈)နှစ်၊(ဘ) ဦးမောင်စိန် အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ)၁၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက်ကာကျေးရွာနေ အောင်ငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၈-၂၀၂၀ ရက်နေ့တွင် ပုလောမြို့နယ်၊ ကျောက်ကာ ကျေးရွာနေ အောင်ငယ်(ခ) အောင်ငွေးလွင် (ခ)အေးလွင် (၅၂)နှစ်၊ (ဘ)ဦးသန်းတင်၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလော) မယ(ပ)၄၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၈-၂၀၂၀ ရက်နေ့တွင် သင်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်နေ အောင်အောင်(ခ)စိုက်ဖိုက်လား(၂၁)နှစ်၊ (ဘ)ဦးလှဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီဖြစ်သူ ကျော်မျိုးဟိန်း(ခ) ဟက်ပီစိုက်လား (၁၉) နှစ်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြား များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုဝဏ္ဏ) မယ(ပ) ၅၁/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ ပိုင်ဇေယျာကျော်(ခ) ကျန်ကျောင်းသည် မူးယစ်ဆေးဝါးများသုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၈-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ ပိုင်ဇေယျာကျော်(ခ)ပိုင်ဇေယျာဖြိုး(ခ) ကျန်ကျောင်း(၂၀)နှစ်၊ (ဘ) ဦးဇေယျာစိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ) မယ (ပ)၆၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွှန့်ရပ်ကွက်နေ မှုံကြီးနှင့် ဇင်ကိုဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၈-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွှန့် ရပ်ကွက်နေ စည်သူဟိန်း(ခ)မှုံကြီး(၂၀)နှစ်၊ (ဘ) ဦးဇော်မင်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ နိုင်ဦး(၁၆)နှစ်၊ (ဘ) ဦးမောင်မောင်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (စက်ဆန်း) မယ (ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်နေ ဇင်ကိုဦး(၁၉)နှစ်၊ (ဘ) ဦးထွန်းဝင်းမြင့်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (စက်ဆန်း)မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်သို့ မင်္ဂလာဒုံမြို့နယ်ဘက်မှ စည်သူစံသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၈-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယလမ်းမပေါ်၌ စည်သူစံ(၁၉)နှစ်၊ (ဘ) ဦးစံတင်အား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ)မယ(ပ)၃၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းမြို့နယ်၊ (၁၃)ရပ်ကွက်နေ ကျော်သီဟ (၃၆)နှစ်၊ (ဘ)ဦးသန်းစိုးထံမှ ဝယ်ယူခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ၎င်း၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ)၃၈/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်နေ ကိုဗိုက်ပူ သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်နေ ဗိုက်ပူ(ခ)ဇော်ထက် (ခ)လူးလူး (၂၀) နှစ်၊ (ဘ)ဦးစလင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ(ပ) ၆၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ်(၈၈) ရပ်ကွက်နေ စိုးသူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၈-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၈) ရပ်ကွက်နေ စိုးသူ(၂၇)နှစ်၊ (ဘ)ဦးစိုးလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံဆိပ်ကမ်း) မယ (ပ)၃၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၉-၈-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၃၀၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၆၇၅)ဦး၊ မ(၃၂၉)ဦး၊ ပေါင်း(၂၀၀၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၀၉၂.၃၁၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၇၁၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၃၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက်(၅၁၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၆၇၂၁၅)ပြား၊ ဆေးခြောက် (၁၄၇၁၃.၄၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၇) လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |



## ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**မကွေး ဩဂုတ် ၃၁**

မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများတိုးပွားလာစေရန် ရည်ရွယ်၍ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို မကွေးမြို့ နန်းထိုက်သူဟိုတယ်ရှေ့ ဧရာဝတီမြစ်ကမ်းစပ်၌ ငါးသားပေါက်ကောင်ရေ သုံးသိန်းကျော် စိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့တွင် မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေနှင့်တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်၍ မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ ထို့နောက် မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးလှိုင်မြင့်၊ တောင်တွင်းကြီးငါးလုပ်ငန်းစခန်းတာဝန်ခံတို့နှင့် ဝန်ထမ်းများသည် ငါးသားပေါက်များကို ဧရာဝတီမြစ်အတွင်း ငါးနေ၊ ငါးထိုင်ကောင်းသောနေရာများသို့ ရေလုပ်သားများနှင့်အတူ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေမြန်ပြည်အေးချမ်းပြည့်ရောင်းဝယ်ရေးသမဝါယမအသင်းမှ ဝါးခယ်မမုန့်ဟင်းခါး(မုန့်ဟင်းရည်ခြောက်)ထုပ်များ ဖြန့်ဖြူးရောင်းချ

**ဝါးခယ်မ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ကုန်သွယ်မှုလုပ်ငန်းအမြင့်မားဆုံး စွမ်းဆောင်ဆုရ ရွှေမြန်ပြည်အေးချမ်းပြည့်ရောင်းဝယ်ရေးသမဝါယမအသင်းသည် ဝါးခယ်မ မြို့နယ်အတွင်းနှင့် အနယ်နယ်အရပ်ရပ်ရှိ မုန့်ဟင်းခါးကို ကြိုက်နှစ်သက်သူများ အလွယ်တကူ ချက်ပြုတ်စားသုံးနိုင်ရန်အတွက် ဖိုးချင်း(ချင်းမ)တံဆိပ်ဖြင့် ဝါးခယ်မမုန့်ဟင်းခါး(မုန့်ဟင်းရည်ခြောက်)ထုပ်များကို လက်လီ၊ လက်ကား ရောင်းချပေးလျက်ရှိရာ မုန့်ဖတ်တစ်ပိဿာနှင့် အသင့်စားသုံးနိုင်သည့် မုန့်ဟင်းရည်ခြောက် တစ်ထုပ်လျှင် ငွေကျပ် ၄၀၀၀ နှုန်း၊ မုန့်ဖတ်ငါးဆယ်ကျပ်သားနှင့် အသင့်စားသုံးနိုင်သည့် မုန့်ဟင်းရည်ခြောက် တစ်ထုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ကျောဖုံးမှ**

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သောကြောင့် စစ်ကိုင်းအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ စစ်ကိုင်းအသင်းအတွက် ဦးဆောင်ဂိုးကို မိနစ် ၄၀ တွင် ပက်ထရစ်က သွင်းယူခဲ့ပြီး ရှမ်းဂိုးသမားမျိုးမင်းလတ်အမှားကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် နှစ်မိနစ်အကြာတွင် နောက်ခံလူ ဆူလီမန်အူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရှမ်းအသင်း ချေပဂိုးပြန်ရခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးရရန် အားထည့်ကစားလာပြီး ပထမပိုင်းတွင် အဆုံးသတ်အားနည်းခဲ့သည့် ရှမ်းတိုက်စစ်မှာ အနိုင်ဂိုးလေးဂိုးသွင်းယူနိုင်ခဲ့၍ ကျေနပ်စရာဖြစ်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၆၁ မိနစ်တွင် ရွှေကို၊ ၇၁ မိနစ်တွင် အဘူ ဘာကာ၊ ၇၆၊ ၇၈ မိနစ်တွင် ဒွေးကိုကိုချစ်တို့က သွင်းယူခဲ့သည်။ မကွေးအသင်းအတွက် ဦးဆောင်ဂိုးများကို ၇၊ ၅၅ မိနစ်တွင် ပြည်မိုးက သွင်းယူခဲ့ပြီး ရခိုင်အသင်းအတွက် ချေပဂိုးများကို ချမ်းဦးက ၄၇၊ ၈၄ မိနစ်တွင် သွင်းယူခဲ့သည်။

ပွဲစဉ်(၁၂)အပြီးတွင် ဟံသာဝတီအသင်းက ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၂၄ မှတ်၊ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၀ စီ၊ ရခိုင်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် စစ်ကိုင်းအသင်းက ၁၀ မှတ်စီ၊ မကွေးအသင်းက ခုနစ်မှတ်၊ အား/ကာသိပ္ပံအသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

သမဝါယမအသင်းများ ဥပဒေနှင့်အညီ လွတ်လပ်သော အသင်းအဖွဲ့များအဖြစ် ရပ်တည်လုပ်ဆောင်နေကြခြင်း အပေါ် သမဝါယမလုပ်ငန်းစဉ်များ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပေါ်လွင်စေခြင်းဖြင့် ပြည်သူအများစု၏ စိတ်ပါဝင်စားမှုကိုရယူပြီး ပိုမိုဖွံ့ဖြိုးအောင်မြင်သော သမဝါယမကဏ္ဍကို တည်ဆောက်အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ယနေ့ ညနေပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ၊ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်



သမဝါယမဦးစီးဌာန ဦးစီးမှူးများ၊ အသင်းစုချုပ်ဥက္ကဋ္ဌများ ပါဝင်ဆွေးနွေးကြသည်။

ဗဟိုသမဝါယမအသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်သို့ ၁၉၉၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး

လယ်ယာကုန်ထုတ်သမအသင်းပေါင်း ၂၇၃၉၈ သင်းနှင့် စိုက်ပျိုးမြေဧရိယာ ၃၃၄၁ ဧကတွင် Contract Farming ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ အသင်းသား ပြည်သူ ၄ ဒသမ ၂၁ သန်းဖြင့် ဖွဲ့စည်းထားကာ ကုန်ထုတ်လုပ်မှု သမဝါယမအသင်း ၃၂၅၂၄ သင်း၊ ဝန်ဆောင်မှု သမဝါယမအသင်း ၃၉၄၄ သင်းနှင့် ကုန်သွယ်မှု သမဝါယမ အသင်း ၃၁၂၂ သင်းရှိ၍ သမဝါယမအသင်းပေါင်း ၄၀၀၀၀ ခန့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းသားများ၏ အရင်းအနှီး မတည်ငွေရရှိရန် EXIM Bank of China မှ ချေးငွေများ ရယူပြီး လယ်ယာစိုက်ပျိုးရေးစရိတ်အဖြစ် အသေးစား အရင်းအနှီးချေးငွေ ထုတ်ချေးပေးခြင်း၊ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများ ဖွဲ့စည်းပေးခြင်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ချေးငွေများ ထုတ်ချေးပေးခြင်း၊ မျိုးစေ့ထုတ် သမဝါယမအသင်း ၁၇၃ ဖွဲ့ ဖွဲ့စည်းပြီး မျိုးစေ့ထုတ် ၁၂၇၇၅ ဒသမ ၇၂ ဧကအတွက် မျိုးစေ့ထုတ် တောင်သူများအား ချေးငွေထုတ်ချေးပေးခြင်းတို့ကို ကျပ် ၂ ဒသမ ၁၆၄ ဘီလီယံအထိ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ အဝတ်နှာခေါင်းစည်း ၈၀၀၀၀ လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ၌ အသုံးပြုနိုင်ရန် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အင်းစိန် ဂျီတီအိုင် စောင့်ကြပ်ကြည့်ရှုရေးစခန်း၌ ကျင်းပသည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အတွက် လူကြီးဝတ် အဝတ်နှာခေါင်းစည်း ၅၀၀၀၀ နှင့် ကလေးဝတ် အဝတ်နှာခေါင်းစည်း ၃၀၀၀၀ စုစုပေါင်း အဝတ်နှာခေါင်းစည်း အခု ၈၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်မိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ယခုလှူဒါန်းလာသည့် ကလေးဝတ် အဝတ်နှာခေါင်းစည်း ၃၀၀၀၀ ကို အင်းစိန်မြို့နယ်အတွင်းရှိ အထကကျောင်း ရှစ်ကျောင်း၊ အလကကျောင်း ၁၂ ကျောင်း၊ အမကကျောင်း ၃၀ နှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်း သုံးကျောင်းတို့အား လည်းကောင်း၊ လူကြီးဝတ် အဝတ်နှာခေါင်းစည်း ၄၈၀၀၀ အား အင်းစိန်မြို့နယ်အတွင်း (၂၁)ရပ်ကွက်ရှိ အခြေခံလူတန်းစားများအား လည်းကောင်း၊ လူကြီးဝတ် အဝတ်နှာခေါင်းစည်း ၂၀၀၀ ကို အင်းစိန်မြို့နယ် အတွင်းရှိ ဝန်ထမ်းများအား လှူဒါန်းသွားမည်ဖြစ်ကြောင်းမြို့နယ် ကိုဗစ်ကော်မတီထံမှ သိရသည်။

**ဉာဏ်ဟိန်း**

## ရေတာရှည်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ခြေ ၅၀ ကျော် ရေများဝင်ရောက်

ရေတာရှည် ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယမန်နေ့ ညနေပိုင်းမှစတင်၍ ညပိုင်းအထိ ၈ နာရီကြာ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် တောင်ကျရေများကြောင့် ကွင်းကြီးကျေးရွာအုပ်စုနှင့် သပြေတန်းကျေးရွာအုပ်စု အကြား အနောက်မှအရှေ့သို့ စီးဆင်းသော ပြည်စုတ်ချောင်းငယ် ရေလျှံကာ ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်ခြမ်း သပြေတန်းကျေးရွာအတွင်း ရေအမြင့် ၂ ပေ မှ ၃ ပေ အထိ ဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၀ ကျော်ရေနစ်မြုပ်လျက်ရှိကြောင်း သပြေတန်းကျေးရွာနေ ဒေသခံများက ပြောကြားသည်။

ရန်ကုန်-မန္တလေး ကားလမ်းတိုးချဲ့သည့်အခါ ကျေးရွာနှင့် ကားလမ်း အကြား ရေမြောင်းကျဉ်းမြောင်းသွားခဲ့ခြင်းဖြစ်ပြီး အထက်ပိုင်းက ဝင်ရောက်လာသော ရေစီးနှုန်းနှင့် ရေထွက်အားမမျှတရာမှ နှစ်စဉ်လိုလို မိုးရာသီကာလ ရောက်တိုင်း ယခုလိုကြုံတွေ့ကြရခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## သဃ်န်းကျွန်းမြို့နယ် ကျွန်းတောယာယီဈေး၌ နှာခေါင်းစည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၁

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ ကျွန်းတောယာယီဈေး၌ နှာခေါင်းစည်းများ လှူဒါန်းမှုကို ယနေ့နံနက်ပိုင်းတွင် လောကဩ္ဇသည်သွေးကူညီမှုအသင်း(ရန်ကုန်)က ဆောင်ရွက်သည်။

အဆိုပါ လှူဒါန်းမှုသည် လောကဩ္ဇသည်သွေးကူညီမှုအသင်း၏ (၁၈)ကြိမ်မြောက် ဖြစ်ပြီး လူကြီးနှာခေါင်းစည်း အခု ၄၀၀ နှင့် ကလေးနှာခေါင်းစည်း အခု ၁၀၀ စုစုပေါင်း နှာခေါင်းစည်း အခု ၅၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် လှူဒါန်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး လှူဒါန်းမည့် မြို့နယ်(နေရာ)၊ နေ့ရက်တို့ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

လောကဩ္ဇသည်သွေးကူညီမှုအသင်း(ရန်ကုန်)အနေဖြင့် လှူဒါန်းမှုများကို သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ မြောက်ဒဂုံ၊ တာမွေ၊ တောင်ဒဂုံ၊ အင်းစိန်၊ မရမ်းကုန်း စသည့် မြို့နယ်များရှိ ဈေး၊ ကားမှတ်တိုင်နှင့် လူစည်ကားရာ နေရာများ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ညောင်တုန်းချောင်းဖျားကျေးရွာရှိ အထက်တန်းကျောင်းခွဲ၊ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ လည်းကောင်း ကျန်းမာရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်၊ ခေါင်းစွပ်နှင့် ကာဘော်လစ်ဆပ်ပြာခဲများ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**

# မန္တလေးဈေးကွက်အတွင်း ကြက်ဥဈေးနှုန်းများ တည်ငြိမ်ကာ ကြက်သားဈေးနှုန်းများ ပြန်လည်ကျဆင်းလျက်ရှိ



မန္တလေး ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်ဥ၊ ကြက်သား ဈေးကွက်အခြေအနေမှာ လက်ရှိကာလ၌ ကြက်ဥဈေးနှုန်းများ တည်ငြိမ်ကာ ကြက်သားဈေးနှုန်းများ ပြန်လည် ကျဆင်းလျက်ရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ နေသူရိန်က ပြောကြားသည်။

### ပြန်လည်ကျဆင်း

လက်ရှိအချိန်တွင် ကြက်ဥဈေးနှုန်းမှာ လွန်ခဲ့သည့် နှစ်ပတ်ကျော်ကာလကတည်းက ခြံကောက်ဈေးအနေဖြင့် တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၂၇၀၀ နှုန်းဖြင့် ဈေးနှုန်းတည်ငြိမ်စွာ ဖြန့်ချိပေးလျက်ရှိသည်။ ပြီးခဲ့သည့် တစ်ပတ်အတွင်းက တစ်ပိဿာလျှင် ခြံဖမ်းဈေး ငွေကျပ် ၃၃၀၀ နှုန်းရှိခဲ့သော ကြက်သားဈေးနှုန်းမှာလည်း ယခု ရက်ပိုင်းအတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ နှုန်း အထိ ပြန်လည်ကျဆင်းလျက်ရှိလာကြောင်း သိရသည်။

ထို့ပြင် ကြက်သားဈေးနှုန်းမှာလည်း လက်ရှိ ကိုဗစ်--၁၉ ရောဂါအခြေအနေကြောင့် စားသောက်ဆိုင်များ ပိတ်မည်ကို စိုးရိမ်ကာ တိုးမြှင့်ထုတ်လုပ်ရောင်းချကြသည့် အတွက် ယခုရက်ပိုင်းတွင် ဈေးကွက်အတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှုန်းခန့် ကျဆင်းနေပြီး စားသောက်ဆိုင်များ ပိတ်သိမ်းလာမည်ဆိုပါက ဈေးနှုန်းများ ထပ်မံကျဆင်းလာနိုင်ကြောင်း ၎င်းက ဆက်လက် ပြောသည်။

### ရောင်းချပေးလျက်ရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း၌ လက်ရှိကာလတွင် ပြင်ဦးလွင် ခြံကောက်ဈေးအဖြစ် ကြက်ဥတစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့်လည်းကောင်း၊ လက်ကားဒိုင်များမှ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ နှုန်းဖြင့်လည်းကောင်း ဖြန့်ချိရောင်းချပေးလျက်ရှိပြီး ဈေးများတွင် လက်လီနှုန်းထားအဖြစ် ကြက်ဥအရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ၁၂၅ ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သင်ရိုးသစ်

**ပါမောက္ခ ဦးပါဒေါက်**

သင်ရိုးဟောင်းမှ သင်ရိုးသစ်သို့ပြောင်းလဲနေသော ပညာရေးကြိုးပမ်းမှုသည် ငါးနှစ်တာကာလသို့ ချင်းနင်းဝင်ရောက်ခဲ့ပါသည်။

ထွက်ပေါ်လာမည့် မျိုးဆက်သစ်လူငယ်များအတွက် စစ်မှန်သော၊ အာမခံသော၊ အကျိုးတူသော ရလဒ်များပိုမိုရရှိရန် သင်ရိုးဟောင်းကို ပြုပြင်ဖြည့်စွက်ဆောင်ရွက်ခဲ့ကြပါသည်။ ပညာရေးဌာန သင်ရိုးကော်မတီ သာမကကျောင်းသားမိဘများ၊ သင်ကြားသူဆရာအားလုံး (ဝန်ထမ်းဆရာ၊ ကျူရှင်ဆရာ) စိတ်ဝင်စားကြ၍။ ကျောင်းသားများ၏နောင်ရေးနှင့် တိုင်းပြည်၏နောင်ရေး၊ အရေးပါသောကဏ္ဍဖြစ်၍ အားလုံးဝန်းဝိုင်းကြသည်ကို သင်ရိုးသစ်ရေးဆွဲသူဆရာတစ်ဦးအနေဖြင့် အထူးကျေးဇူးတင်ပါသည်။

သင်ရိုးသစ်ရေးဆွဲရာတွင် သင်ရိုး (curriculum)၊ သင်ရိုးညွှန်းတမ်း (syllabus)နှင့် သင်ရိုးမာတိကာ (content) အဆင့် သုံးဆင့်ကို သိရှိထားရန် လိုအပ်ပါသည်။ ယခင်ကလည်း ဤသို့ပင် သင်ရိုးရှိခဲ့ပါသည်။ မည်သည့်နိုင်ငံမဆို သင်ရိုးဟူသည် ဖြစ်ရပ်၊ အချိန်ကာလနှင့်လိုက်၍ ပြောင်းလဲနေပါသည်။

ဤတွင် “သင်ရိုး (curriculum)” ဆိုတာ ဘာလဲဟူ၍ လေ့လာသူအားလုံးသိရှိရန်လိုပါသည်။ ပညာရှင်တစ်ဦးချင်း ဖွင့်ဆိုမှုသည် တူညီကောင်းမှ တူညီပေမည်။ စာရေးသူလေ့လာခဲ့သော သင်ရိုးဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

“သင်ကြားသူ စာသင်သားအား မည်သို့ပေါ်ထွက်လာစေလိုသနည်း” ဆိုသည်မှာ သင်ရိုးဖြစ်ပါသည်။

“ မည်သို့ သင်ကြားလေ့ကျင့်ရန် လိုအပ်ပါသနည်း”ဆိုသည်မှာ သင်ရိုးညွှန်းတမ်း ဖြစ်ပါသည်။

“ဤအကြောင်းအရာ၊ ဤသင်ခန်းစာကို သင်ကြားမည်” ဆိုသည်မှာ သင်ရိုးမာတိကာ ဖြစ်ပါသည်။

ဥပမာအားဖြင့် မူလတန်းပြီးလျှင်

- စာသင်သား (ကျောင်းသား လူငယ်)သည် မည်သို့ ပြည့်စုံပြီးမြောက်စေလိုပါသနည်း။
- အရပ်အမောင်းအားဖြင့် လေးပေ၊ အလေးချိန်အားဖြင့် ပေါင်ခြောက်ဆယ် (ပိဿာနှစ်ဆယ်) မျှ ရှိရန်လိုသည်။
- နိုင်ငံသုံးဘာသာစကားကို အခြေခံနားလည်၊ ရေးမှတ်၊ ဖတ်၊ ပြောတတ်ပြီး ဖြစ်မည်။
- သင်္ချာဘာသာကို ပေါင်းနုတ်မြှောက်စား (တစ်သိန်းဂဏန်းအထိ) တွက်ချက်တတ်ပြီး ဖြစ်မည်။
- သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်ကို စတင်ဆည်းပူးပြီ ဖြစ်၏။
- နိုင်ငံခြားဘာသာစကားတစ်ခုကိုစတင်လေ့လာနေပြီဖြစ်၏။

ထိုနည်းတူစွာ အလယ်တန်း (Grade 6, 7, 8, 9) ပြီးလျှင် –

- အရပ်အမောင်း (ကျား) ငါးပေနီးပါး၊ အလေးချိန် ပေါင်ကိုးဆယ်၊ မီတာတစ်ရာကို တစ်ဆယ့်လေးစက္ကန့်၊ (မ) ဆယ့်ရှစ်စက္ကန့်ဖြင့် ပြေးနိုင်သော သန်စွမ်းသူများ ဖြစ်ရန်လိုသည်။
- မိခင်ဘာသာစကားကို (ဖြစ်ရပ်၊ ခံစားမှုကဗျာ၊ မျှော်မှန်းချက်) စီကုံးရေးသားနိုင်ပြီ။
- သင်္ချာဘာသာကို ကိန်းဂဏန်းအနန္တအထိ တွက်ချက်နိုင်ပြီး တိုးပွားခြင်း၊ ယုတ်လျော့ခြင်းကို စာရင်းအင်းဇယား၊ ဂရပ်(အင်းကွက်)ဖြင့် ဖော်ပြခြင်း၊ ဂျီသြမေထရီ (Geometry) ကို နားလည်ပြီးဖြစ်မည်။
- စာသင်သားသည် မိမိနိုင်ငံ၏ ပထဝီဝင်၊ သမိုင်း လုပ်ငန်းကိုင်ငန်းကို ထဲထဲဝင်ဝင် လေ့လာခဲ့ပြီးပြီ၊
- နိုင်ငံခြားဘာသာစကားတစ်ခုကို အဆင့်တစ်ခုအထိ နားလည်၊ ပြော၊ ရေး၊ ဖတ်နိုင်စွမ်းရှိပြီ။ ပြည်ပနိုင်ငံသား ကျောင်းသားတစ်ဦးနှင့် ဆက်သွယ်နိုင်ပြီ။
- မိမိရှေ့ရေးတွင် ကိုယ်တွင်ကျယ်ထွန်းကားမည့် အသက်မွေးဝမ်းကျောင်းကို စတင်ပြင်ဆင်ပြီး ဖြစ်သည်။

အထက်တန်း (Grade 10, 11, 12) ပြီးလျှင်ကား–

- ကြိုက်နှစ်သက်ရာ ဘာသာတွဲ (သိပ္ပံ၊ ဝိဇ္ဇာနှင့် ဝိပ္ပံ)တို့ကို ရွေးချယ်၍ တက္ကသိုလ်ဝင်တန်းကို ပြင်ဆင်နိုင်၏။
- သင်ကြားလိုသော (တက္ကသိုလ်၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်) တို့အတွက် လိုအပ်သော ဘာသာတွဲနှင့် ပြင်ဆင်ရပြီ။
- မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာတွဲမှာ မယူမနေရသော ဘာသာတွဲဖြစ်၏။ အလယ်တန်းတွင် သင်ကြားခဲ့သော သိပ္ပံဘာသာရပ်မှ ဓာတု၊ ရူပ၊ ဇီဝ၊ ဘူမိ စသောဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်မှ သမိုင်း၊ ပထဝီစသော အထူးပြုဘာသာရပ်များအဖြစ် သင်ကြားတတ်မြောက်ပြီး ဖြစ်၏။

**သင်ရိုးညွှန်းတမ်း (Syllabus)**

စာရေးသူသည် သိပ္ပံဘာသာရပ် သင်ရိုးကျွမ်းကျင်အဖြစ် ဆောင်ရွက်ရပါသည်။ သိပ္ပံဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီကို ပါမောက္ခက ဦးဆောင်ပြီး မူလတန်းနှင့် အလယ်တန်း သင်ရိုးညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်ကို ပြုစုကြရပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ဆရာများအားလုံး လေးဆယ်မျှ ပါဝင်သော အဖွဲ့ဖြစ်ပြီး အသေးစိတ်ညှိနှိုင်းရေးဆွဲရပါသည်။ မူလတန်း သင်ရိုးရေးဆွဲခြင်းနှင့် မူလတန်း သိပ္ပံပြဋ္ဌာန်းစာအုပ်ပြုစုခြင်းသည် အလယ်တန်းနှင့် အထက်တန်းတို့ထက် ခက်ခဲနေကြောင်း တွေ့ရ၏။ စာသင်သားသည် “ဆယ်နှစ်” သက်တမ်းပင် မရှိသေးသော ကလေးငယ်များဖြစ်၍ “ကလေးစိတ်ပညာ (Child Psychology)”နှင့် ညှိနှိုင်းရပါသည်။

> **ကလေးဆိုသည်မှာ အမြဲတစ်စုံတစ်ခုကို လေ့လာနေကြောင်း သတိထားရမည်ဖြစ်ပြီး သူနှစ်သက်ရာနှင့် သင်ကြားမှုကို ဆရာ၊ မိဘက ပူးတွဲပံ့ပိုးနေရမည်ဖြစ်ကြောင်း အမြဲသတိပြုရ၏။ ငယ်ရွယ်သောကလေးသည် မည်သို့သော ထူးချွန်မှုနှင့် စွမ်းရည်သတ္တိ ပိုင်ဆိုင်သည်ကို မသိနိုင်သေးသောကြောင့် မူလတန်းဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းနှင့် အတန်းတင်ခြင်းကို ပြောင်းလဲရ၏။**

ကလေးဆိုသည်မှာ အမြဲတစ်စုံတစ်ခုကို လေ့လာနေကြောင်း သတိထားရမည်ဖြစ်ပြီး သူနှစ်သက်ရာနှင့် သင်ကြားမှုကို ဆရာ၊ မိဘက ပူးတွဲပံ့ပိုးနေရမည်ဖြစ်ကြောင်း အမြဲ သတိပြုရ၏။ ငယ်ရွယ်သောကလေးသည် မည်သို့သော ထူးချွန်မှုနှင့် စွမ်းရည်သတ္တိ ပိုင်ဆိုင်သည်ကို မသိနိုင်သေးသောကြောင့် မူလတန်းဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းနှင့် အတန်းတင်ခြင်းကို ပြောင်းလဲရ၏။ သင်ရိုးပြဋ္ဌာန်းစာအုပ်အပြင် ဆရာကိုင်စာအုပ်ကို ဖြည့်စွက်ရေးသားပြီး မူလတန်း သင်ကြားခြင်း၏ လိုအပ်ချက်များဖြစ်သော “ကလေးကို ကြိမ်းမောင်းပြစ်တင်ခြင်းမပြုရ”၊ “ကလေးကို ပြောဆိုဖော်ပြတတ်လာစေရန် အားပေးပါ”၊ “ကလေးကို ချီးကျူးပြောဆိုမှုအမြဲပြုလုပ်ပေးပါ”စသည့် အချက်များကို ထည့်သွင်းရခြင်း။

သင်ရိုးညွှန်းတမ်းတွင် ရည်ညွှန်းဘောင် (Scope) နှင့် စီစဉ်ကျနမှု (Sequence) ကို ဦးစွာပြုလုပ်ကြရပါသည်။ မူလတန်းမှ ပဥ္စမတန်းအထိ သင်ရိုးကို အကြိမ်ကြိမ်ပြန်လည် ပြင်ဆင်ရေးဆွဲရပါသည်။

မူလတန်းသင်ရိုးတွင် ကလေးသည် မိမိ၏ပတ်ဝန်းကျင်ကို လေ့လာရာ၌ မိဘ(သို့) အနီးအနား၊ အရောင်စသော အာရုံငါးပါးကို အရင်ဆုံးစတင်လေ့လာခြင်းနှင့် မိမိကိုယ်ကို လေ့လာခြင်း (ဆာလောင်ခြင်း၊ ခံစားပျော်ရွှင်လှုပ်ရှားခြင်း) မည်သည်က စတင်သနည်း ဆိုသည်ကို စူးစိုက်ဆွေးနွေးခဲ့ရ၏။ ထို့အတူ မူလတန်း သင်ခန်းစာများသည် ကျောင်းချိန်အတွင်း ပြီးစီးရမည်ဟူသော အယူအဆနှင့် ကျောင်းချိန်ပြင်ပတွင်လည်း ဆောင်ရွက်နိုင်သည်ဟူသော အယူအဆတို့သည်လည်း အားပြိုင်နေခဲ့ကြ၏။ မည်သည်ကမျှ တရားသေမဟုတ်ကြောင်း သင်ရိုးညွှန်းတမ်းကော်မတီ ပညာရှင်များက သဘောပေါက်လာကြပါသည်။

**သင်ရိုးမာတိကာ (Contents)**

မူလတန်းတွင် ကလေးသူငယ်များအား သူတို့၏ပတ်ဝန်းကျင်ကို နားလည်သိရှိစေရန်၊ ဆက်သွယ်ဖော်ပြတတ်ရန် သင်ခန်းစာများကို စတင်ရပါသည်။ ထို့နောက် ရုက္ခနှင့် ဇီဝ (သစ်ပင်နှင့် သတ္တဝါ)များကို လေ့လာစေရပါသည်။ အာရုံငါးပါးနှင့် ခံစားမှုများကို အလင်းရောင်၊ အသံတို့ဖြင့် ဦးစွာမိတ်ဆက်ပေးရ၏။ (အနံ့၊ အရသာ၊ မာကျောမှုစသည်တို့ကို သင်ခွင့်မရရှိသေးပေ။) သိပ္ပံကဏ္ဍမှ ရရှိချိန်အတိုင်း သင်ကြားနေသကဲ့သို့ သင်္ချာမှ ပေါင်းနုတ်မြှောက်စားခြင်း၊ မြန်မာစာမှ စာကြောင်းရေးဖွဲ့ခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ လူမှုရေးဘာသာရပ်မှ စည်းကမ်း၊ ကူညီခြင်း၊ ရုပ်ပုံရေးဆွဲခြင်းတို့ကို ပို့ချရပါသည်။ မည်သည့်အတိုင်းအဆအထိ ပို့ချရမည်ကို အမျိုးသားသင်ရိုးကော်မတီ (National Curriculum Committee)က စောင့်ကြည့်ပေးရပါသည်။

ဤတွင် သင်ရိုးမာတိကာအတိုင်း သင်ကြားပေးသော သင်ခန်းစာများကို မူလတန်းကျောင်းသားများက စိတ်ဝင်စား၊ လေ့ကျင့်ကြပါ၏လော ဆိုသည်မှာ သင်ကြားခြင်း၏ အဓိကကဏ္ဍ ဖြစ်သည်။ ရေးသားထားသော သင်ခန်းစာများကို အစမ်းသင်ကြားခြင်း (Trial teaching) ပြုလုပ်ပြီး ထပ်မံပြင်ဆင်ပြီးမှသာ ပြဋ္ဌာန်းစာအုပ်ပေါ်၌ ပုံနှိပ်၍ ကျောင်းသားများ လေ့လာကြရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ဒိုက်ဦးမြို့နယ်၌ ကျေးရွာမတည်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ဒိုက်ဦး ဩဂုတ် ၃၁**

ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFT) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ပြုလုပ်ရာ တိုင်းဒေသကြီး(၂)လွှတ်တော် ကိုယ်စားလှယ် ဦးသူရဇော်က ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လွှဲပြောင်းပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက စီမံကိန်းကျေးရွာများဖြစ်သော ဗျက်ကြီးကျေးရွာ၊ ဘုရားကြီးကုန်းကျေးရွာ၊ လယ်ကြားမြောင်ကျေးရွာ၊ ပသွယ်ကျေးရွာ၊ ငှက်သိုက်ပေါက်ကျေးရွာ၊ ပန်းပဲစုကျေးရွာနှင့် ခင်တန်းကျေးရွာတို့အတွက် ကျေးရွာမတည်ရန်ပုံငွေ စုစုပေါင်း ငွေကျပ်သိန်းနှစ်ထောင်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**





## လပွတ္တာမြို့နယ်ရှိ စပါးခင်းအတွင်း ငါးမျိုးများစိုက်ထည့်

**လပွတ္တာ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ငါးသယံဇာတများ တိုးပွားစေရေး၊ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရေးရည်ရွယ်၍ လပွတ္တာမြို့နယ် ကျောက်မော်ကျေးရွာအုပ်စု အောက်ချောင်းကျေးရွာအနီး စိုက်ပျိုးရေးဦးစီးဌာန ပညာပေးစခန်းရှေ့ တောင်သူ ၂၀ ၏ စပါးခင်းဧက ၁၀၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသောင်းကို ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဦး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ စပါးစိုက်တောင်သူများ တက်ရောက်၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အမရပူရမြို့နယ်၌ နတ်ရေကန်ငါးလုပ်ငန်းစခန်း Model Farm ပြီးစီးမှုစစ်ဆေး

**အမရပူရ ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်း၏ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၃၀၈ ဒသမ ၉၉ သန်းဖြင့် စံပြငါးမွေးမြူရေးကန် Model Farm တည်ဆောက်ခြင်း လုပ်ငန်းခုနစ်ရပ်အတွက် တင်ဒါအောင်မြင်သော Royal Steel Palace Co.,Ltd. မှ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ လာရောက်စစ်ဆေးခဲ့သည်။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးပေါလွင်၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီအဖွဲ့ဝင်များသည် သစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ရာ သပြေဘူတ ၁၃ ပင်၊ မယ်ဇယ် ၁၀ ပင်၊ ငုဝါ ၁၀ ပင်၊ စိန်ပန်းပြာ ၁၀ ပင် စုစုပေါင်း ၄၃ ပင် တို့အား စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရှင်ဇိုအာဘေးနှင့် ဒေါ်နယ်ထရမ့် သဘောတူ

**တိုကျို ဩဂုတ် ၃၁**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ရာထူးမှနုတ်ထွက်သည့် ၎င်း၏ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖုန်းပြောဆိုခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး အကောင်းမွန်ဆုံးဖြစ်စေရန် ကူညီခဲ့မှုအတွက် ကျေးဇူးတင်ရှိကြောင်း ထရမ့်ကို ပြောကြားခဲ့သည်။

ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှနုတ်ထွက်ကြောင်း ရှင်ဇိုအာဘေးက ဩဂုတ် ၂၈ ရက်တွင် ကြေညာခဲ့ပြီးနောက် ပြည်ပခေါင်းဆောင်တစ်ဦးနှင့် ပထမဆုံးအကြိမ် ဖုန်းပြောဆိုမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မိနစ် ၃၀ ကြာ ဖုန်းပြောဆိုမှုအတွင်း အာဘေးနှင့် ထရမ့်တို့က ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံသားများကို ပြန်ပေးဆွဲခဲ့မှု၊ လက်ရှိဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့် ဒုံးကျည်ကာကွယ်ရေး မဟာဗျူဟာ သက်တမ်းတိုးမည့် ဂျပန်နိုင်ငံ၏ အစီအစဉ်များကို ဆွေးနွေးခဲ့သည်ဟု အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီဟိုင်းဒဲဆူဂါက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။

ရှင်ဇိုအာဘေးကို ဂျပန်နိုင်ငံ၏ သမိုင်းတွင် အထူးချွန်ဆုံး ဝန်ကြီးချုပ်အဖြစ် မကြာမီ အသိအမှတ်ပြုမည်ဖြစ်ပြီး ၎င်း၏အမေရိကန်နိုင်ငံနှင့်ဆက်ဆံရေးမှာ အကောင်းမွန်ဆုံး ဖြစ်ခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ဖုန်းပြောဆိုပြီးနောက် တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဒေါ်နယ်ထရမ့် အာဏာရရှိလာပြီးနောက်





ခေါင်းဆောင်နှစ်ဦးက ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ခဲ့ပြီး ဂေါက်ရိုက်ပြိုင်ပွဲများစွာ အတူတကွ ကစားခဲ့ကြကြောင်း၊ နောင်နှစ်ပေါင်းများစွာအထိ ချစ်ကြည်ရင်းနှီးမှု ဆက်လက်ထားရှိရန် ၎င်းတို့က မျှော်လင့်ပါကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ဆက်ခံသူအသစ် ရွေးချယ်ချိန်အထိ ရှင်ဇိုအာဘေးက ဝန်ကြီးချုပ်အဖြစ် ဆက်ရှိနေမည်ဖြစ်သည်။ ရှင်ဇိုအာဘေးဦးဆောင်သည့် အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီက စက်တင်ဘာ ၁၄ ရက်တွင် ခေါင်းဆောင်ပိုင်းရွေးချယ်မှု ကျင်းပရန်စဉ်းစားနေကြောင်း ပါတီမှ လွှတ်တော်အမတ်များက ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်နေရာ မည်သူဆက်ခံသည်ဖြစ်စေ ဂျပန်-အမေရိကန် မဟာမိတ်ပြုမှု တိုးမြှင့်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ရှင်ဇိုအာဘေးက ထရမ့်ကို ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံသားများ ပြန်ပေးဆွဲမှုကိစ္စဖြေရှင်းမည့် ဂျပန်နိုင်ငံ၏ကြိုးပမ်းမှုများကို ဆက်လက်ထောက်ခံရန် ရှင်ဇိုအာဘေးက ထရမ့်ထံ တောင်းဆိုခဲ့သည်။

ကမ္ဘာ့စီးပွားရေးကို ဖျက်ဆီးခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်ရာတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့သည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၀ ဦးအထိ ရှိလာ

**ဗီယန်ကျင်း ဩဂုတ် ၃၁**

ပြီးခဲ့သည့် ဇန်နဝါရီလနောက်ပိုင်း လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၆၇၇ ဦးအထိ မြင့်တက်လာခဲ့ပြီး ၁၀ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာတစ်စောင်အရ သိရသည်။

လာအိုနိုင်ငံ၏မြို့တော် ဗီယန်ကျင်းမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၃၁၃ ဦးဖြင့် အရေအတွက်အများဆုံးဖြစ်ကြောင်း ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ခုအတွင်း ကျန်းမာရေးဝန်ကြီးဌာနကဆိုသည်။ ဘိုလစ်ခမ်ဇေပြည်နယ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၆၆၉ ဦး၊ ဗီယန်ကျင်းပြည်နယ်တွင် ၆၀၀ နှင့် ဘိုကီယိုပြည်နယ်တွင် ၅၆၀ ကူးစက်မှု ဖြစ်ပွားခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၀ ဦးတွင် ဗီယန်ကျင်းမြို့မှ လေးဦး၊ ဘိုလစ်ခမ်ဇေပြည်နယ်မှ နှစ်ဦးနှင့် ကမ်မွမ်၊ ရှာယာဘော်ရီ၊ ကျန်ကောင်နှင့် ဆဗန်နာခတ်ပြည်နယ်တို့မှ တစ်ဦးစီတို့ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် အိမ်တွင်းအခမ်းအနားများအပေါ် တူရကီ တင်းကျပ်

**အစ္စတန်ဘူလ် ဩဂုတ် ၃၁**

တူရကီအစိုးရသည် နိုင်ငံတစ်ဝန်း၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုနှုန်း မြင့်တက်လာမှုများကို ထိန်းချုပ်ရန် အိမ်တွင်းစေ့စပ်ပွဲ အခမ်းအနားများ၊ အရေပြားလှီးဖြတ်ခြင်း အခမ်းအနား၊ အလှပြင်ဆိုင်များနှင့် ယင်းတို့နှင့်ဆင်တူသော လှုပ်ရှားဆောင်ရွက်မှုများကို ယနေ့မှစ၍ တားမြစ်ထားကြောင်း သိရသည်။



လက်ထပ်မင်္ဂလာအခမ်းအနားများကို ပို၍တင်းကျပ်သော အစီအမံများဖြင့် အိမ်ထဲတွင် ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အစ္စတန်ဘူလ်မြို့တော်ဝန်ရုံးမှ ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။ ထို့အပြင် အစ္စတန်ဘူလ်မြို့တစ်လျှောက်လုံးရှိ လက်ထပ်မင်္ဂလာဆောင်ခန်းမများတွင် ထိုင်ခုံများကို အစိုးရ၏ ခပ်ခွာခွာနေရေး အစီအမံများနှင့်အညီ စနစ်တကျ စီထားရမည်ဖြစ်ပြီး ပရိသတ်ဝင်ဆံ့နိုင်သည့် ပမာဏ၏ သုံးပုံတစ်ပုံခန့်သာ အသုံးပြုခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

သောက်သုံးရေကလွဲလျှင် အစားအစာနှင့် အဖျော်ယမကာအားလုံးကို လက်ထပ်မင်္ဂလာဆောင်ပွဲ ကျင်းပသည့် ခန်းမအားလုံးတွင် တားမြစ်ထားသလို ကပွဲများကိုလည်း အခမ်းအနားအတောအတွင်း တားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

ထို့အတူ သတို့သားနှင့် သတို့သမီးတို့၏ ဆွေမျိုးရင်းချာမဟုတ်သော အသက် ၆၅ နှစ်အရွယ်နှင့် အထက်ရှိ သက်ကြီးရွယ်အိုများနှင့် အသက် ၁၅ နှစ် အောက် ကလေးများကိုလည်း လက်ထပ် မင်္ဂလာဆောင်ပွဲနှင့် ပတ်သက်သည့် အခမ်းအနားအားလုံးသို့ တက်ရောက်ခြင်းမှ တားမြစ်ပိတ်ပင်ထားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

တူရကီ အာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် ဒေသ ၈၁ ခုရှိသည့်အနက် ၁၄ ခုတွင်အလားတူအသွားအလာကန့်သတ်မှုကို ပြီးခဲ့သည့် သီတင်းပတ်က ချမှတ်ထားသည်။

ယမန်နေ့က တူရကီနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၈၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၂၆၈၅၄၆ ဦး ရှိလာခဲ့သည်။ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၂ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၃၂၆ ဦးရှိလာကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၂၅၁ ဦးအထိ ရှိလာ



**ဒါကာ ဩဂုတ် ၃၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများကြောင့် ၂၅၁ ဦး သေဆုံးခဲ့ကြောင်း အစိုးရ၏ အစီရင်ခံစာတစ်စောင်က ဆိုသည်။

အထွေထွေကျန်းမာရေး ညွှန်ကြားမှုဦးစီးဌာန၊ အရေးပေါ်ဆောင်ရွက်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန၏ နေ့အလိုက် ရေဘေး အစီရင်ခံစာအရ ဇွန် ၃၀ ရက်နောက်ပိုင်း ရေဘေးသုံးကြိမ်ဖြစ်ပွားခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ခရိုင် ၃၃ ခရိုင်တွင် ၂၅၁ ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ပြီး ရေဘေးသင့်ဒေသအချို့တွင် အချို့က မြွေကိုက်ခံရခြင်း၊ မိုးကြိုးပစ်ခံရခြင်းတို့ကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ခရိုင်အများစုတွင် မြစ်ရေကြီးမှုများ ကျဆင်းလာမှုကြောင့် အခြေအနေ တိုးတက်လာခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ရေဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (BWDB) မှ အမှုဆောင်အင်ဂျင်နီယာ ဆာဒါအူဒေးရိုင်ဟန်က ပြောကြားခဲ့သည်။

ဇွန်လနောက်ပိုင်း ရာသီအလိုက် မိုးရွာသွန်းမှုနှင့် တောင်ကျချောင်းရေများ စီးဆင်းမှုတို့ကြောင့်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများကြောင့် လူသေဆုံးမှုနှင့် ပျက်စီးမှုတို့ ဖြစ်ပေါ်ခဲ့ကြောင်း တရားဝင် အချက်အလက်များက ပြသနေသည်။ ပြည်သူ ငါးသန်းကျော် ရေဘေးသင့်ခဲ့ပြီး ထောင်ချီသောမိသားစုများ အိုးအိမ်စွန့်ခွာခဲ့ရကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန၊ အမျိုးသားဘေးအန္တရာယ် တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာန (NDRCC)၏ နေ့အလိုက် ဘေးအန္တရာယ်အခြေအနေ အစီရင်ခံစာအရ သိရသည်။

ရေဘေးကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သီးနှံစိုက်ခင်းများ ပျက်စီးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၆ ဒသမ ၄ သန်းခန့်အထိ ရှိခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲ ရော်ဘတ်တိုအယ်ဘီဒို ရာထူးမှနုတ်ထွက်

**ဂျီနီဗာ ဩဂုတ် ၃၁**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲ ရော်ဘတ်တိုအယ်ဘီဒို အနေဖြင့် ယနေ့ ရာထူးမှနုတ်ထွက်ခဲ့သဖြင့် ယခုအခါတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အုပ်ချုပ်ရေး စနစ်တီထွင်ဆန်းသစ်မှုဆိုင်ရာ နိုင်ငံတကာစင်တာ၏ အကြီးအကဲဖြစ်သူ ရောဟင်တန်မက်ဟိုရာက "ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဟာ ဦးတည်ချက်မဲ့နေတာကြာပြီဖြစ်ပြီး ယခုဆိုရင် ခေါင်းဆောင်ပါကင်းမဲ့သွားပါတယ်"ဟု ပြောကြားသည်။

နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ အရေးများကို ဖြေရှင်းဆောင်ရွက်နေသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အယူခံခုံရုံး၌ ခုံသမာဓိများခန့်အပ်ရာတွင် ဝါရှင်တန်၏ ဝင်ရောက်စွက်ဖက်မှုများရှိကြောင်း သိရသည်။ သီအိုရီအရ နိုဝင်ဘာ ၇ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲကို ခန့်အပ်နိုင်သော်လည်း အမေရိကန်ရွေးကောက်ပွဲကျင်းပမည့်အချိန်နှောင့်နှေးပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲရွေးချယ်ရန်အတွက် အချိန်ကြာနိုင်ကြောင်း သိရသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ထမ်းဟောင်း ပီတာအန်ပါကန်က ကုန်သွယ်ရေးဆိုင်ရာအငြင်းပွားမှုများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲသစ်ရွေးချယ်မည့်အရေးမှာ ကြာမြင့်နိုင်သည်ဟု ပြောကြားသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-စိုးသူရ**






# ဂါနာနိုင်ငံက နိုင်ငံတကာလေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းမှု စက်တင်ဘာ ၁ ရက်တွင် ပြန်လည်စတင်မည်

**အက်ကရာ ဩဂုတ် ၃၁**

ဂါနာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းမှုကို ငါးလကြာရပ်ဆိုင်းထားခဲ့ပြီးနောက် စက်တင်ဘာ ၁ ရက်မှစတင်ကာ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ဂါနာနိုင်ငံသမ္မတ နာဒါအက်ဒိုဒန်ကွာအကူဖိုအက်ဒိုက ဩဂုတ် ၃၀ ရက်တွင် ကြေညာခဲ့သည်။

နိုင်ငံတကာလေကြောင်းလိုင်းများကို ပြန်လည်စတင်တော့မည်ဖြစ်သော်လည်း အနောက်အာဖရိကနိုင်ငံဖြစ်သည့် ဂါနာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်းဝင်၊ ထွက်ပေါက်များကိုမူ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

ဂါနာသမ္မတအကူဖိုအက်ဒိုက ၎င်း၏ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါအခြေအနေနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြားမှ ပြောကြားချက်တွင် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ခရီးသည်တစ်ဦးချင်းစီသည် သက်ဆိုင်ရာနိုင်ငံ၏ အသိအမှတ်ပြု ဓာတ်ခွဲခန်းမှ ကိုဗစ်-၁၉ ရောဂါပိုး မရှိကြောင်း ထောက်ခံချက်ကို ပြသရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂါနာနိုင်ငံ၏ ကိုတိုကာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် ခရီးသည် တစ်ဦးချင်းစီအနေဖြင့် လေဆိပ်ဝင်ပေါက်၌ ကိုဗစ်-၁၉ ရောဂါစမ်းသပ်စစ်ဆေးမှု မဖြစ်မနေခံယူရမည်ဖြစ်ကြောင်းနှင့် စမ်းသပ်မှုရလဒ်ကိုလည်း နာရီဝက်အတွင်း ရရှိမည်ဖြစ်ကြောင်း သမ္မတ အကူဖိုအက်ဒိုက ပြောကြားခဲ့သည်။

ဂါနာအစိုးရအနေဖြင့် လေဆိပ်များ ပြန်လည်ဖွင့်လှစ်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကိုလည်း တဖြည်းဖြည်း ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်းလည်း သမ္မတ အကူဖိုအက်ဒိုက ပြောကြားခဲ့သည်။

ဂါနာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ဖြစ်ပွားခဲ့သည့် မတ်လမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၂၀၅ ဦးနှင့် သေဆုံးသူ ၁၇၆ ဦးရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရုရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၉၃ ဦးတွေ့ရှိ ရောဂါကူးစက်ခံရသူပေါင်း တစ်သန်းနီးပါးရှိလာ

**မော်စကို ဩဂုတ် ၃၁**

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၉၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၉၅၃၁၉ ဦး ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနက ယနေ့ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၈၃ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံတစ်ဝန်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၁၇၆ ဦးရှိလာကြောင်း သိရသည်။

ထို့အပြင် မြို့တော်မော်စကို၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် မော်စကိုတစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၆၂၄၁၈ ဦး ရှိလာကြောင်း သိရသည်။

သို့သော် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသောလူနာ ၂၄၀၅ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ရုရှား၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၀၉၃၈၇ ဦး ရှိလာကြောင်း သိရသည်။

ရုရှားအာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ဩဂုတ် ၃၀ ရက်အထိ တစ်နိုင်ငံလုံး၌ လူဦးရေ ၃၆ ဒသမ ၆ သန်းကျော်၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ လက်ရှိအချိန်၌ လူနာ ၂၁၁၉၄၀ ဦးသာ နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**





# ပါကစ္စတန်၌ မုတ်သုံမိုးရွာသွန်းမှုနှင့် ဆက်နွယ်သည့်ထိခိုက်မှုများကြောင့် ၁၆၃ ဦးသေဆုံးပြီး ၁၀၁ ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၃၁**

ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုးရွာသွန်းမှုနှင့် ဆက်နွယ်သည့် ထိခိုက်မှုများကြောင့် ယခုနှစ် ဇွန် ၁၅ ရက်မှစတင်ကာ သေဆုံးသူ ၁၆၃ ဦးရှိခဲ့ပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ ဆင်းပြည်နယ်တောင်ပိုင်းသည် မုတ်သုံမိုးရွာသွန်းမှုနှင့် ဆက်နွယ်သည့် ထိခိုက်မှုများကြောင့် ၆၁ ဦးသေဆုံးခဲ့ကာ ၂၂ ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် လူနေအိမ် ၅၉ လုံးပျက်စီးခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ပက်တူခဝါပြည်နယ် အနောက်မြောက်ပိုင်းတွင်လည်း စုစုပေါင်း ၄၈ ဦးသေဆုံးခဲ့ပြီး ၄၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။ မုတ်သုံမိုးရွာသွန်းမှုနှင့် ဆက်နွယ်ပြီး ထိခိုက်မှုများရှိခဲ့သည့် ဒေသများအား ရွက်ဖျင်တဲများ၊ အစားအစာများ၊ စောင်များနှင့် ခြင်ထောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းလည်း ယင်းအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ မိုးလေဝသဌာနကလည်း နိုင်ငံ၏ ဒေသအများအပြားတွင် မုတ်သုံမိုး အများအပြားရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်လာမည်ဟု ခန့်မှန်းထားသည့်အတွက် ကရာချိမြို့အပါအဝင် မြို့တချို့တွင် မြို့ပြရေကြီးမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၅၄၃၆၇၅၇ ဦး | ၈၅၁၃၄၉ ဦး | ၁၇၇၅၀၇၈၆ ဦး |

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေမှုများကြောင့် ဆော်ဒီကျောင်းသားများ အွန်လိုင်းမှတစ်ဆင့် ပညာသင်ယူမှုစတင်

ရီယာ့ဒ် ဩဂုတ် ၃၁
ဆော်ဒီအာရေဗျနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများဖြစ်ပွားနေခြင်းကြောင့် စာသင်ကျောင်းများပိတ်ထားပြီး ပညာသင်ကြားမှုများကို နေအိမ်တွင်းမှ သင်ယူနိုင်သည့် အွန်လိုင်းမှတစ်ဆင့် ပညာသင်ယူမှုစနစ်ကို စတင်ခဲ့သည်။ ယခုနှစ် ပညာသင်နှစ်၏ အစအဖြစ် ယမန်နေ့တွင် ပညာသင်ကြားမှုများကို နေအိမ်များတွင် ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ၌ နေ့စဉ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေသူ ဦးရေသည် ၁၀၀၀ ဝန်းကျင်တွင် ရှိနေပြီး ယင်းဒေသတွင်း၌ အီရန်နိုင်ငံ၏ နောက်တွင် ဆော်ဒီအာရေဗျနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသူဦးရေ ဒုတိယအများဆုံးဖြစ်သည်။

ဆော်ဒီအာရေဗျအစိုးရက ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် စာသင်နှစ်သစ်၏ ပထမရက်သတ္တပတ်ခုနစ်ပတ်အတွင်း အွန်လိုင်းမှတစ်ဆင့် သင်ကြားမှုကို ပြုလုပ်မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်၌ လာမည့် နိုဝင်ဘာလအတွင်း ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပရန် ရှိခြင်းကြောင့် ဆော်ဒီအာရေဗျအစိုးရက ဗိုင်းရပ်စ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်မြှင့်ကြိုးပမ်းလုပ်ဆောင်နေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**





## မော်လ်ဒိုက်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအများအပြား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

မဲလ် ဩဂုတ် ၃၁
မော်လ်ဒိုက်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၆၇ ဦးရှိလာခဲ့ရာ ၎င်းတို့အနက် လေဆိပ်ဝန်ထမ်းများအပါအဝင် ရှေ့တန်းမျက်နှာစာ၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းအများအပြား ပါဝင်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့ ပြောကြားသည်။

မော်လ်ဒိုက်နိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် လေဆိပ်ဝန်ထမ်းများ၊ ကျောင်းဆရာဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ အပါအဝင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအများအပြားပါဝင်ကြောင်း မော်လ်ဒိုက်နိုင်ငံ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးအေဂျင်စီမှ ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ပညာရှင် ဒေါက်တာ အီဘရာဟင် အာ့ဖ်ဇာလ်က ပြောကြားသည်။

မော်လ်ဒိုက်နိုင်ငံသား အများအပြားသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရလျက်ရှိကြပြီး ၎င်းတို့အနက်အများစုမှာ အသက် ၁၈ နှစ်နှင့် ၄၀ အရွယ်လူငယ်ပိုင်းများဖြစ်ကြောင်း ဒေါက်တာအာ့ဖ်ဇာလ်က ထပ်မံပြောကြားသည်။ ထို့အပြင် ဆီးချို၊ ကင်ဆာ၊ နှလုံးနှင့် အဆုတ်ရောဂါတို့ကဲ့သို့သော နာတာရှည်ရောဂါ ဝေဒနာခံစားနေသူများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

မော်လ်ဒိုက်နိုင်ငံ၌ တစ်ရက်အတွင်း နိုင်ငံသား ၆၃ ဦးနှင့် နိုင်ငံခြားသား ၂၆ ဦး အပါအဝင် လူ ၈၉ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၇၆၆၇ ဦး ရှိလာပြီး ၎င်းတို့အနက် ၂၈ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် မော်လ်ဒိုက်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် လူနာ ၅၀၃၆ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံရှိနိုင်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

ဘေရွတ် ဩဂုတ် ၃၁
ဩဂုတ်လ ၄ ရက်တွင် ဖြစ်ပွားခဲ့သည့် လက်ဘနွန်နိုင်ငံ မြို့တော် ဘေရွတ်မြို့ ဆိပ်ကမ်းမှ ကြီးမားသည့်ပေါက်ကွဲမှုကြီးများကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံမှ ၄ ဒသမ ၆ ဘီလီယံအကြား ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းဖော်ပြသည်။

လက်ဘနွန်နိုင်ငံရှိ ကမ္ဘာ့ဘဏ်က ဦးဆောင်၍ ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂတို့က ပူးပေါင်းလုပ်ဆောင်သည့် ကနဦးအကဲဖြတ်တွင် လက်ဘနွန်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဩဂုတ် ၄ ရက်တွင် ဖြစ်ပွားခဲ့သည့် ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုကြီးတွင် လူ ၁၉၀ သေဆုံးပြီး ထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့သည်။

ပေါက်ကွဲမှုကြောင့် လူနေအိမ်များ၊ ဆေးရုံများ၊ ကျောင်းများနှင့် လမ်းများပျက်စီးခဲ့မှုများအပြင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံမှ ၃ ဒသမ ၅ ဘီလီယံကြားရှိ စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့သည်။

ယင်းဘေးအန္တရာယ်သည် စီးပွားရေးလုပ်ဆောင်မှုများ ကျဆင်းလာစေရုံမကဘဲ ပေါက်ကွဲမှု မဖြစ်မီကာလအတွင်း လူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်ရှိသော ဆင်းရဲမွဲတေမှုနှုန်းကိုလည်း ပိုမိုဆိုးရွားလာစေလိမ့်မည်ဟု ကမ္ဘာ့ဘဏ်က ယမန်နေ့တွင် ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**



## တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘောများ ဝယ်ယူမည့်အစီအစဉ် ထိုင်းနိုင်ငံ ရွှေ့ဆိုင်း

ဗန်ကောက် ဩဂုတ် ၃၁
ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးထိခိုက်နေချိန် တရုတ်နိုင်ငံမှ ဒေါ်လာ ၇၂၄ သန်းတန် ရေငုပ်သင်္ဘောနှစ်စင်း ဝယ်ယူမည့်အစီအစဉ်ကို ပြည်သူများ၏ ကန့်ကွက်မှုကြောင့် ထိုင်းနိုင်ငံက ရွှေ့ဆိုင်းခဲ့သည်။

၂၀၁၅ ခုနှစ် သဘောတူညီချက်အရ ထိုင်းနိုင်ငံက တရုတ်နိုင်ငံထံမှ ရေငုပ်သင်္ဘောများ ဝယ်ယူသည့် ပထမဆုံးသော တိုင်းပြည်များတွင် ပါဝင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရေငုပ်သင်္ဘောသုံးစင်းဝယ်ယူရန် အပြီးသတ် သဘောတူညီခဲ့သလို ပထမဆုံး ရေငုပ်သင်္ဘောကို ၂၀၂၃ ခုနှစ်တွင် ထိုင်းရေတပ်သို့ ပေးပို့ရမည်ဖြစ်သည်။ ယခုလ အစောပိုင်းတွင် ဒေါ်လာ ၇၂၃ သန်းကျော်ဖြင့် ရေငုပ်သင်္ဘောနှစ်စင်း ထပ်မံမှာယူမှုကို လွှတ်တော်က အတည်ပြုခဲ့ရာ တိုင်းပြည်စီးပွားရေး ကျဆင်းနေချိန်တွင် အတည်ပြုမှုအတွက် ပြည်သူများက ကန့်ကွက်ခဲ့သည်။

ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာနှင့် ကာကွယ်ရေးဝန်ကြီးတို့က နောက်ထပ် ရေငုပ်သင်္ဘောနှစ်စင်း ဝယ်ယူမှုကို ဆိုင်းငံ့ရန် ရေတပ်သို့ ညွှန်ကြားခဲ့ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အနူချာဘူရာပါချိုင်သီရိက ကြေညာခဲ့သည်။ “ထိုင်းရေတပ်က ရေငုပ်သင်္ဘောဝယ်ယူမှု ဆိုင်းငံ့ဖို့ တရုတ်နိုင်ငံနဲ့ စေ့စပ်ညှိနှိုင်းမှာဖြစ်ပါတယ်” ဟု အနူချာက သတင်းထောက်များသို့ ပြောကြားခဲ့သည်။



ထိုင်းနိုင်ငံ၏ စီးပွားရေးမှာ နှစ် ၂၀ ကျော်အတွင်း အဆိုးရွားဆုံး ကျဆင်းခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ပို့ကုန်တင်ပို့မှုအခြေပြု တိုင်းပြည်၏စီးပွားရေးမှာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဘေး ဆိုးရွားစွာ ခံနေရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## လက်ဗွေစနစ်ကို ပြောင်းလဲရန် ဂျပန်လေကြောင်းလိုင်းများ စီစဉ်

တိုကျို ဩဂုတ် ၃၁
ဂျပန်နိုင်ငံရှိ လေကြောင်းလိုင်းများအနေဖြင့် ခရီးသည်များအား ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးဆောင်ရွက်မှုအနေဖြင့် လက်ဗွေစနစ်ဖြင့် မှတ်ပုံတင်သောစနစ်တွင် လက်ချောင်းများဖြင့် စက်ကိရိယာကို မထိတွေ့စေဘဲ မှတ်ပုံတင်သောစနစ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကိရိယာရှိ အာရုံခံစနစ်သည် လက်ချောင်းများ၏ လှုပ်ရှားမှုကို သုံးစင်တီမီတာအကွာအဝေးမှ ရယူပြီး မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

ယခုဆောင်ရွက်မှုအောင်မြင်ပါက ဂျပန်လေကြောင်းလိုင်းများအနေဖြင့် ၎င်းကိရိယာအများအပြားကို သုံးစွဲသွားမည်ဖြစ်သည်။ လေကြောင်းလုပ်ငန်းမှ ဝန်ထမ်းဖြစ်သူ မာကီယူဆာကူက ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ခရီးသည်များအား အဆင်ပြေစေကြောင်း ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ကလေးမြို့နယ် နတ်ချောင်းကျေးရွာအုပ်စု ချောင်းဝကျေးရွာ ချောင်းဝ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်နိုင်လင်း မောင်းနှင်ပြီး ထွန်းတင် လိုက်ပါလာသောယာဉ်နှင့် ကျော်တင်(ခ) ကျော်ဌေး မောင်းနှင်ပြီး လှမောင်စော၊ မောင်သန်းတင်တို့ လိုက်ပါလာသောယာဉ်တို့ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယမန်နေ့နံနက်ပိုင်းတွင် ကသာခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် အင်းကြီးကျေးရွာအုပ်စု လှေဘိုကျေးရွာနေ မွေးအောင်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၈၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့အတူ တစ်ရွာတည်းနေ မင်းအောင်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၄၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းတည့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့ သာကေတရပ်ကွက်တွင် ရန်ပိုင်ဦး မောင်းနှင်ပြီး မညိုညိုနှင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာ ၁၆ မိုင် စစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေရာ ခရီးသည် သော်သော်ဇင်(ခ) သော်ဇင်သန့်၏ သေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် တောင်ကိုင်းကျေးရွာအုပ်စု ကင့်နွယ်ကျေးရွာအနီး မိုးမိတ်–မိုးကုတ်သွား ကားလမ်းတွင် မနီလာခိုင် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အဆိုပါနေရာ၌ မဇင်မာကို ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မွေးအောင်၊ မင်းအောင် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၁

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးဝမြို့နယ် မြို့မရွာမြောက်ဘက် လေးမိုင်ခန့်အကွာနေရာမှ တရားမဝင် အင်ခွဲသား ၁၀ တန်၊ အုတ်တွင်းမြို့နယ်၊ အုတ်တွင်း–ပေါက်ခေါင်းကားလမ်း မိုင်တိုင် (၈၈/၀) အနီး၊ ခပေါင်းကြိုးပြင်ကာကွယ်တော (XVI)အတွင်း ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား တစ်တန်အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် အောင်မြေသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၂၉ x ၃၀ လမ်းကြား ၅၄ လမ်း ရွှေတောင်မန်းကားခြံဝင်းအတွင်း ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား နှစ်တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သံလမ်းကုန်းလမ်းဆုံ ဟင်္သာတ–ရေကြည်ကားလမ်း မိုင်တိုင်အမှတ် (၄၂/၅)နှင့် (၄၂/၆)ကြားနေရာတွင် ယာဉ်ပေါ်မှ တရားမဝင် တောင်သရက်/ကညောင်းသစ်ခွဲသား ကိုးတန်နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း (နေပြည်တော်)

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ဩဂုတ် ၃၁ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင် ပါရှိသည့် ပြည်မြို့၌ ရွှေဆိုင်လုယက်မှု ကျူးလွန်သူများအား ဖမ်းဆီးအရေးယူ သတင်းတွင် ထက်အောင်ဇော် အစား ထက်ဇော်အောင် ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ရဲပြန်ကြား







ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်

၆၈ ရက်သာ

လိုတော့သည်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

## ပွင့်ဖြူမြို့နယ်၌ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ထုတ်ပြန်ကြေညာ

ပွင့်ဖြူ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို ယမန်နေ့မှစတင်ကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်အတွင်းရှိ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရှိကြောင်း ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်တဥ္စစိုး ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ မဲဆန္ဒနယ်မြေ (၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦးနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများမှ ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအား နိုင်ငံရေးပါတီ ၁၁ ခုမှ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်အတွင်းရှိ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ကျေးရွာပေါင်း ၂၀၄ ရွာရှိပြီး ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဲဆန္ဒနယ်မြေ(၁)တွင် မဲရုံ ၈၆ ရုံ၊ မဲဆန္ဒနယ်မြေ(၂)တွင် မဲရုံ ၇၄ ရုံ စုစုပေါင်း မဲရုံ ၁၆၀ စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်ဦးရေပေါင်း ၁၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက် )




## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# လူတိုင်းက ဆင်ခြင်ရမည်



**ဆိုရှယ်မီဒီယာတွင် ရေးသားနေကြသူများသည် တာဝန်သိစိတ်၊ အမှန်တကယ် စေတနာဖြင့် ရေးသားတင်ပြရန် လိုအပ်ပါကြောင်း၊ အရေးကြီးသည်မှာ အချက်အလက်များ မှန်ကန်ရန်ဖြစ်ပါကြောင်း၊ တချို့သည် မစဉ်းစားဘဲ၊ မှန်ခြင်း၊ မမှန်ခြင်းကို ဂရုမစိုက်ဘဲ ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားတင်ပြကြပါကြောင်း၊ ဆိုရှယ်မီဒီယာတွင် တင်ပြရာ၌ မှန်ကန်မှုရှိရန် ပထမအချက်ဖြစ်ကြောင်း၊ မှန်ကန်ပြီး အများအတွက် အကျိုးရှိရန်လည်း စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ယခုလုပ်နေရသည့်လုပ်ငန်းများကို ပိုမိုခက်ခဲစေသည့်ကိစ္စများကို ဆိုရှယ်မီဒီယာများတွင် ရေးသားတင်ပြခြင်းကို လူတိုင်းက ဆင်ခြင်ရမည် ဖြစ်ပါကြောင်း။**

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၃၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ်ဓာတ်ခွဲ နမူနာ (၁၀၀၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဒုတိယအသုတ်ဓာတ်ခွဲနမူနာ (၃၇) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉)ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၈)ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၁၇၂) ခုအား ထပ်မံစစ်ဆေးခဲ့ရာ-
  - COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၃၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁၅၇၀) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၄၁၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၀၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉)ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၈)ခု စုစုပေါင်း(၂,၄၂၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၃၈)ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၆) ဦး တွေ့ရှိကြောင်းအား (၃၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၈၇)ဦး ရှိပြီဖြစ်ပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
### (၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| | |
|---|---|
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁,၀၀၀) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) မှ ဓာတ်ခွဲနမူနာ | (၉)ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၈) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၂) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၂) ဦး | (၇၈၇) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
### (၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *776 | ၄၂ | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 777 | ၂၈ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 778 | ၄၇ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 779 | ၅၉ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 780 | ၂၂ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 781 | ၂၀ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| *782 | ၄၀ | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| *783 | ၂၈ | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| *784 | ၂၈ | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| *785 | ၄၉ | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| 786 | ၅၄ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊စစ်တွေမြို့) |
| 787 | ၄၀ | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်တော်မြို့) |

(*) လွန်ခဲ့သော (၁၄) ရက်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားရာဒေသများသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၀၇ ဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၈၈၂ ဦးရှိသွားပြီ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၁၀၇ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၈၈၂ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၈၈၂ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၄ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၄၇ ဦးနှင့် ဩဂုတ် ၃၀ မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၃၁ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၆၁ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

✻ ကျောဖုံးမှ

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃၁–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃၂) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၈) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၄) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၃) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မူဆယ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လွိုင်ကော်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၉၅) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၇၈၄၃ | ၈၈၂ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၅၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၆၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၄၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

◆ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　　　၃၁–၈–၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသောညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်／သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၁၇၇၀၉၂ | ၃၄၂၅၉၂၅ | ၁၈၇၂၄၈ |
| ၂။ | ဘရာဇီး | ၃၈၆၂၃၁၁ | ၃၀၃၁၅၅၉ | ၁၂၀၈၉၆ |
| ၃။ | အိန္ဒိယ | ၃၆၄၁၀၄၈ | ၂၇၉၁၂၆၄ | ၆၄၈၀၇ |
| ၄။ | ရုရှား | ၉၉၅၃၁၉ | ၈၀၉၃၈၇ | ၁၇၁၇၆ |
| ၅။ | ပီရူး | ၆၄၇၁၆၆ | ၄၅၅၄၅၇ | ၂၈၇၈၈ |
| ၆။ | တောင်အာဖရိက | ၆၂၅၀၅၆ | ၅၃၈၆၀၄ | ၁၄၀၂၈ |
| ၇။ | ကိုလံဘီယာ | ၆၀၇၉၃၈ | ၄၅၀၆၂၁ | ၁၉၃၆၄ |
| ၈။ | မက္ကဆီကို | ၅၉၅၈၄၁ | ၄၁၂၅၈၀ | ၆၄၁၅၈ |
| ၉။ | စပိန် | ၄၅၅၆၂၁ | စိစစ်ဆဲ | ၂၉၀၁၁ |
| ၁၀။ | ချီလီ | ၄၀၉၉၇၄ | ၃၈၂၅၈၄ | ၁၁၂၄၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၂၀၈၁၉ | ၁၅၇၅၆၂ | ၃၅၅၈ |
| ၂။ | အင်ဒိုနီးရှား | ၁၇၄၇၉၆ | ၁၂၅၉၅၉ | ၇၄၁၇ |
| ၃။ | စင်ကာပူ | ၅၆၈၁၂ | ၅၅၅၈၆ | ၂၇ |
| ၄။ | မလေးရှား | ၉၃၄၀ | ၉၀၅၄ | ၁၂၇ |
| ၅။ | ထိုင်း | ၃၄၁၂ | ၃၂၅၂ | ၅၈ |
| ၆။ | ဗီယက်နမ် | ၁၀၄၄ | ၇၀၇ | ၃၄ |
| ၇။ | မြန်မာ | ၈၈၂ | ၃၅၄ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၄ | ၂၆၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၂ | ၂၁ | ၀ |




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီ အရေးပေါ်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမြို့နယ်အဆင့်လုပ်ငန်း ကော်မတီ အရေးပေါ်အစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် အင်းစိန်မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီနာယကများဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ ကော်မတီဝင် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့မြို့နယ်၌ ယနေ့ နံနက်ပိုင်းတွင် ပိုးတွေ့လူနာ သုံးဦးရှိပါကြောင်း၊ မိမိတို့မြို့နယ်အနေဖြင့် ယခင် အတွေ့အကြုံများရှိခဲ့၍ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပိုင်းတွင် ယခင်ကကဲ့သို့ပင် သက်ဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို အလေးထားပြီး မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နေပြည်သူများ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယခင်ကကဲ့သို့ပင် ရောဂါပိုး ကူးစက်မှုရပ်တန့်သွားမည်ကို ယုံကြည်ပါကြောင်း၊ မြို့နေပြည်သူများအနေဖြင့်လည်း အစိုးရိမ်လွန် ပူပန်မှုမဖြစ်ကြစေဘဲ ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို အလေးထားလိုက်နာစေရန် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက စဉ်ဆက်မပြတ်



အသိပေးနှိုးဆော် ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အင်းစိန်ဆေးရုံအုပ်ကြီး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး၊ မြို့နယ်လဝက ဦးစီးမှူးတို့က မိမိတို့မြို့နယ်၏ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် နာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး က မြို့နေပြည်သူများ၏ ကျန်းမာရေးမှအစ မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များတွင် မိမိတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ညဏ်ဟိန်း

# မသန်စွမ်းသူများ၏ မေးမြန်းဆွေးနွေးမှုများကို ဗီဒီယိုကောလ်(သို့မဟုတ်)ဖုန်းဖြင့် ဝန်ဆောင်မှုပေးမည့် အစီအစဉ်စတင်

**ရန်ကုန် ဩဂုတ် ၃၁**

ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်မှု အစီအစဉ်အနေဖြင့် အကြားအာရုံမသန်စွမ်းသူများကို လက်သင်္ကေတဖြင့် စကားပြန် ဝန်ဆောင်မှုပေးမည့် အစီအစဉ်အပြင် မသန်စွမ်းသူများအားလုံး၏ မေးမြန်းဆွေးနွေးမှုများကို ဗီဒီယိုကောလ်(သို့မဟုတ်)ဖုန်းဖြင့် ဖြေဆိုကာ ဝန်ဆောင်မှုပေးမည့် အစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ သိရသည်။

“လက်ရှိ ကိုဗစ်-၁၉ ကူးစက်မှု အန္တရာယ်ရှိနေတဲ့ အချိန်မျိုးမှာ အကြားအာရုံမသန်စွမ်းသူတွေအနေနဲ့ ရောဂါကူးစက်မှု အန္တရာယ် ကြုံတွေ့ရတာလည်း ရှိနိုင်တယ်။ သူတို့ကိုယ်တိုင်၊ မိသားစု ကွာရန်တင်းစင်တာ ရောက်ရှိတာမျိုးလည်း ဖြစ်နိုင်တယ်။ သူတို့နေထိုင်တဲ့ ရပ်ကွက်၊ ကျေးရွာတွေမှာ ကူးစက်မှု အခြေအနေတွေနဲ့ ကြုံတွေ့နေရတာမျိုးလည်း ရှိနိုင်တယ်။ အဲဒီလိုအခြေအနေမျိုးမှာ သတင်းအချက်အလက် ရယူချင်တာပဲဖြစ်ဖြစ်၊ လက်သင်္ကေတနဲ့ မေးမြန်းဆွေးနွေးချင်တာပဲဖြစ်ဖြစ် သူတို့ရောက်နေတဲ့နေရာမှာ သူတို့ကို စကားပြန်ပေးမယ့်သူမရှိရင် စကားပြန်ပေးမယ့် ဝန်ဆောင်မှုကို ရယူနိုင်ဖို့အတွက် ရည်ရွယ်လုပ်ဆောင်တာပါ”ဟု အစီအစဉ်အကြံပေး ဆလိုင်းဒေးဗစ်က ပြောသည်။

အဆိုပါအစီအစဉ်တွင် ဝန်ဆောင်မှု တောင်းခံလိုပါက Hotline Number: 09-883485011 သို့ ရိုးရိုးဖုန်းခေါ်ဆိုနိုင်သလို Viber မှလည်း ဗီဒီယိုကောလ်ခေါ်ဆိုနိုင်ကြောင်း၊ ထို့ပြင် မင်္ဂလာပါ ဗီဒီယိုကောလ်စင်တာအမည်ရှိ ဖေ့စ်ဘွတ်အကောင့်သို့ ဝင်ရောက်ကာ အကောင့်အပ်ပြီး Messenger မှတစ်ဆင့်လည်း ဗီဒီယိုကောလ်ခေါ်ဆိုနိုင်ကြောင်း၊ ခေါ်ဆိုမှုများကို ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ စနေနှင့် တနင်္ဂနွေ နေ့များတွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ လည်းကောင်း ဆက်သွယ်ခေါ်ဆိုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယင်းဝန်ဆောင်မှုမှာ အခမဲ့ဖြစ်ပြီး မည်သည့်အခကြေးငွေမှ ပေးဆောင်ရန် မလိုဘဲ ယခုအချိန်ကာလအတွင်း အသွားအလာ ကန့်သတ်ထားခြင်းခံရပြီး သက်ဆိုင်ရာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ရောက်ရှိနေသူများ၊ ကိုဗစ်-၁၉ သံသယဖြင့် စောင့်ကြည့်ခြင်းခံနေရသူများ၊ ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိသူများ၊ ဆေးရုံ၊ ဆေးခန်းတွင် ပြသနေရသော အကြားအာရုံမသန်စွမ်းသူများအနေဖြင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဆက်သွယ်ပြောဆိုရာတွင် အဆင်ပြေစေရန်နှင့် ကိုဗစ်-၁၉ ကြောင့် မသန်စွမ်းသူများ၏ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများအတွက် ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး နှစ်သိမ့်ဆွေးနွေးမှုများကိုလည်း ဗီဒီယိုကောလ်(သို့)ဖုန်းဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အေးမင်းသူ

## အလှမပျက်ပါ တို့ကမ္ဘာ

* ကိုရိုနာ
ကမ္ဘာ ကမ္ဘာ အခက်ကြုံတွေး
ကူးစက်မြန်လျက်လေး။
ဆိုလိုတာ
မကြာ မကြာ လက်ကိုဆေး
မကျူးယှက်ရန်တွက်လေး။
* ခြောက်ပေကွာ
နေပါ နေပါ မပေါင်းစည်းအပ်
ဟိုအရင်ခါနှယ်မမှတ်။
ပျောက်စေမှာ
သေချာ သေချာ နှာခေါင်းစည်းတပ်
ကြိုတင်ကာကွယ်အပ်။
* ကမ္ဘာမြေ
ကြာလေ ကြာလေ အေးချမ်းမြ
ကြည်ဖြူစွာရှိသမျှ။
မြန်မာပြေ(ပြည်)
မာစေ မာစေ ဘေးမသန်းပ
‘ပြည်သူသာအဓိက’။
* ကပ်ရောဂါ
ဖယ်ခွာ ဖယ်ခွာ တစ်ကျော့မထ
ကြိုတင်ကာကွယ်ကြ။
အပြတ်ပြေမှာ
တကယ်ပါ တကယ်ပါ မပေါ့ဆ
အပျိုစင်ပမာခြယ်သ။

အောင်မြင့်စိုး(ရေစကြို)




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်၊ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ရှစ်ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေပိုင်းက သုံးဦးနှင့် ယနေ့ညနေ ၃ နာရီခွဲက ငါးဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ရှစ်ဦး ထပ်မံဝင်ရောက်လာသည်။



အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ရှစ်ဦးတို့မှာ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ တစ်ဦး၊ မြို့သစ်မြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မှ တစ်ဦး၊ နမ္မတူမြို့နယ်မှ တစ်ဦးနှင့် ကွမ်းလုံမြို့နယ်မှ တစ်ဦး တို့ဖြစ်ကြောင်း သိရသည်။

### လွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့ အထိ အမျိုးသား ၈၁၈၅ ဦးနှင့် အမျိုးသမီး ၆၅၇၆ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၇၆၁ ဦးတို့ကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

( ဂ ) မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအတွက်လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက သစ်တောဥပဒေနှင့်အညီ အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနက လွှဲပြောင်းပေးသော စားကျက်မြေ။

၁၅။ ဗဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် သတ်မှတ်သောမြေများကို လိုအပ်သလို စီမံဆောင်ရွက်နိုင်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

**အခန်း (၈)**

**တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ**

၁၆။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၁၇။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မ ၁၆ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့် မရှိသည့် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

( ခ ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

( ဂ ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည်-

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃) အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့် အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၁၈။ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

( ဂ ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံးအသိပေး အကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၉)**

**မွေးမြူရေးလုပ်ငန်းများ**

၁၉။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှအပ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

(ဃ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၂) နှင့် (၄) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသော စကားရပ်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

( င ) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာခွင့်ပြုရမည်။

( စ ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င)တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

**အပိုင်း ၅**

**တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ**

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

**အပိုင်း ၆**

**နေပြည်တော်ကောင်စီ**

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များသို့ ပန်ကြားခြင်း

၁။ ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် ဘဏ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို တင်ပြအတည်ပြုရန်အတွက် အထူးအထွေထွေအစည်းအဝေးတို့ကို ၅-၉-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီတွင် Rose Garden Hotel၌ ကျင်းပပြုလုပ်ရန် ဖိတ်ကြားခဲ့ပါသည်။

၂။ သို့ရာတွင် အခြေအနေအရပ်ရပ်ကြောင့် အောက်ဖော်ပြပါနေရာတွင် ပြောင်းလဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၅-၉-၂၀၂၀ ရက် (စနေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉:၃၀ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီအထိ

ကျင်းပမည့်နေရာ - CHID Bank (ရုံးချုပ်) ဒါရိုက်တာအဖွဲ့ အစည်းအဝေးခန်းနှင့် Multi-Hall စုဝေးခန်းမ၊ အမှတ်(၆၀)၊ ရွှေတိဂုံဘုရားလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မှတ်ချက်။ (၁) အစည်းအဝေးတွင် အတည်ပြုရမည့် အချက်များရှိပါသဖြင့် အစုရှင်များကိုယ်တိုင် မလာရောက်နိုင်ပါက သတ်မှတ်ချိန်အတွင်း ကိုယ်စားလှယ်(Proxy)လွှဲအပ်ခြင်းဖြင့် ပြုလုပ်နိုင်ပါသည်။

(၂) မတက်ရောက်နိုင်သော အစုရှင်များ ကြည့်ရှုနိုင်ရန် Zoom Webinar ဖြင့်လည်း အစည်းအဝေး အချိန်အတွင်း တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**
**(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာ စတင်ရောင်းချသည့်ရက် - ၂-၉-၂၀၂၀ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၂-၁၀-၂၀၂၀ ရက် (၁၆:၀၀)နာရီ

တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ အထက(၃)လမ်း၊ ဈေးတန်းရပ်ကွက်၊ မြိတ်မြို့။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်-၀၉-၄၅၀၀၁၈၁၅၇၊ ၀၉-၇၈၃၆၀၁၅၀၂၊ ၀၉-၂၅၄၁၇၁၁၄၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မှတ်ချက်။ အိတ်ဖွင့်တင်ဒါ ရွေးချယ်မည့်နေ့ရက်/အချိန်/ နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိန္ဒိယ ဘာစမာတီ(ဆီးချိုဆန်)(25Kg)

- သီတင်းကျွတ်အခါ ကာလတွင် မိဘဆရာသမားများအား ကန်တော့ရန်
- ဆီးချို၊ သွေးတိုး ရောဂါဆိုးကြီးများမှ ကာကွယ်ရန်
- ကိုယ်အလေးချိန်တက်ခြင်း။ 'ဝ'ခြင်းမှ ကာကွယ်ထိန်းသိမ်းရန်
- လူကြီးမင်းတွင် ဆီးချို၊ သွေးတိုးရှိနေပြီဆိုလျှင် ယခုဘဲ ဆက်သွယ်ဝယ်ယူလိုက်ပါ။

**ကျန်းမာရေးနှင့် အသက်ရှင်သန်မှု**
**တန်ဖိုးထားသူတိုင်း ဝယ်ယူသုံးစွဲကုန်ကြပြီ။**
**ဖြန့်ချိရေး**

ရန်ကုန်(ပင်ရင်း)သန့်စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ဘုရင့်နောင်ပွဲရုံတန်း
ဖုန်း-09-443249922, 09-443249933, 013-681209, 013-681504
နေပြည်တော်(ပျဉ်းမနား) မသန်းသန်းကြည်(၃/၅၈)၊ '၇'လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။ ဖုန်း-09-43109081,067-21295
မန္တလေး- ကိုညီညီသော်၊ အောင်ပြည့်ဖြိုးပွဲရုံ၊ မန္တလေးမြို့။
ဖုန်း-09-797777889
မကွေး -ကိုထွန်းနိုင်၊ ထွန်းကောင်းဆန်ရောင်းဝယ်ရေး၊ မကွေးမြို့။
ဖုန်း-09-796663226
မိတ္ထီလာ- ကိုဖြိုး၊ 'ဘကြီး' ဆန်ရောင်းဝယ်ရေး၊ မိတ္ထီလာမြို့။
ဖုန်း-09-764200149

**မြို့အလိုက် ကိုယ်စားလှယ်ယူ ရောင်းချလိုသူ မိတ်ဆွေများ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၂၂၃/၁)၊ မြေကွက်တည်နေရာအမှတ်-၂၂၃/၁၊ ဒေါင်းမင်းလမ်း၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်မြကြည်[၁၂/ဥကတ(နိုင်)၁၉၇၀၁၁] (အေဘီ-၀၂၂၇၈၁) မနှင်းနှင်း [၁၂/ဥကတ(နိုင်)၀၀၀၉၅၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြကြည် [၁၂/ဥကတ(နိုင်)၁၉၇၀၁၁]၊ (အေဘီ-၀၂၂၇၈၁)၊ မနှင်းနှင်း[၁၂/ဥကတ(နိုင်)၀၀၀၉၅၀]အား တရားပြိုင်ထား၍ ဒေါ်စန္ဒာအေးမှ တရားလိုပြုစွဲဆိုခဲ့သည့် တောင်ဥက္ကလာပမြို့နယ် တရားရုံး တရားမကြီးမှုအမှတ်(၁၄/၂၀၂၀)၏ စီရင်ချက်၊ တရားမဒီကရီမှုအမှတ် (၂၀/၂၀၂၀)၏ အမိန့်၊ တရားရုံးဘီလစ်ခန့်စာနှင့် ဒေါ်မြကြည်၊ ဒေါ်နှင်းနှင်းတို့ အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန်းဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မုံရွာခရိုင်တရားမရုံး၌ ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၄

ဦးစိန်တုပ် နှင့် ၁။ ဒေါ်ဖြူဖြူအောင်(ခ) မဖြူ
၂။ ဒေါ်လှမြွေး

**(တရားလို)** **(တရားပြိုင်များ)**

**မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ရွှေဂူဘုန်းတော်ကြီးကျောင်းအရှေ့ဘက်မုခ်နေ ၁။တရားပြိုင် ဒေါ်ဖြူဖြူအောင်(ခ)မဖြူ (ဘ)ဦးမောင်သန်း၊ မုံရွာမြို့၊ လယ်တီရပ်ကွက်၊ လယ်တီဘုန်းတော်ကြီးကျောင်းမြောက်ဘက်နေ ၂။ တရားပြိုင် ဒေါ်လှမြွေး (ဘ) ဦးတင်ဖေ** (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ **တရားလိုဦးစိန်တုပ်က ချေးငွေနှင့်နစ်နာကြေးငွေ စုစုပေါင်းကျပ်သိန်း (၂၀၀)တိတိ** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်(၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါ သူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မုံရွာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်လမ်း)၊ အမှတ်(၂၇၈/၃၀၀)၊ အခန်းအကျယ်အဝန်းပေ(၂၅x၆၀)ရှိ ၈လွှာ၊ အခန်း(7/D) ကွန်ဒိုတိုက်ခန်းကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးကျော်မြင့်မှ တရားဝင်ပိုင်ရှင်အဖြစ် ပိုင်ဆိုင်ပြီး ၎င်း၏သားဖြစ်သူ ဦးမျိုးမြင့်အောင် [၁၂/ဒဂရ(နိုင်)၀၀၂၅၅၆] ကိုင်ဆောင်သူမှ ကိုယ်စားလက်မှတ်ရေးထိုးပြီးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)**
**တိုက်အမှတ်-၉/၁၁၊ ၃/ခ၊ မြေညီ၊ ၃၆-လမ်းတို(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၁၈၂၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂-ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၁၀၇)၊ ကျန်စစ်သားလမ်း၊ ဝန်ထမ်းကြီးရပ်ကွက်၊ အကျယ်အဝန်း (အလျား ၆၀ပေxအနံ ၈၀ပေ)၊ ဧရိယာ(၀.၁၁၀)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်သင်းသင်းကြူ[၁၂/ဥကမ(နိုင်)၀၁၇၉၇၃] မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၃၇၉၊ မြေကွက်တည်နေရာအမှတ်(၃၇၉)၊ နှင်းဆီလမ်း၊ ၁၇/ရွှေပေါက်ကံ၊ (ဦးစီစစ်[၁၂/မဂဒ(နိုင်)၀၄၄၉၅၄])၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဦးစီစစ်သည် (၂၃-၅-၂၀၁၁)ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှလှမြင့်[၁၂/မဂဒ(နိုင်)၀၄၄၉၅၃]မှ အမွေဆက်ခံခွင့်ရှိကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်-၇/၈၁၉/၂၀၂၀၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက် ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး၊ လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) **၂၀၁၉ ခုနှစ်**(သို့မဟုတ်)**၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ(၁၁) ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


MPT Money
MPT
(၇) နှစ်မြောက် ကျေးဇူးတုံ့ပြန်ကံစမ်းမဲပွဲ
ကံစမ်းလိုက်ပါ
MPT ရဲ့ဆုများကမ္ဘာ
ကျပ်သိန်းပေါင်း တစ်သောင်း ကျော် တန်ဖိုးရှိဆုကြီးများစွာ
MPT Money
MPT4U App ရဲ Top-Up
MPT4U
www.mpt.com.mm
www.facebook.com/mptofficialpage
CALL CENTER 106

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၃၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၃၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၉၃၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၁၈) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၆၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၈) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၀၆) ခု၊
- စုစုပေါင်း (၁,၇၄၁)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၅) ဦး တွေ့ရှိရပါသည်။

၂။ (၃၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈၈၂) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case- 347, 376) ရှိသဖြင့် စုစုပေါင်း (၃၅၄) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၄၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၉၅) ဦး | (၈၈၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၅၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၀-၈-၂၀၂၀) ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီမှ (၃၁-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၁) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻

## ကြေးမုံ ယနေ့ဖတ်စရာ


ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရှင်ဇိုအာဘေးနှင့် ဒေါ်နယ်ထရမ့် သဘောတူ
စာမျက်နှာ » ၁၁

ရုရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၉၃ ဦး တွေ့ရှိ ရောဂါကူးစက်ခံရသူပေါင်း တစ်သန်းနီးပါးရှိလာ
စာမျက်နှာ » ၁၂

ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံရှိနိုင်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း
စာမျက်နှာ » ၁၃


## ဆေးဝါးကျွမ်းကျင်သူများသမဝါယမအသင်းလီမိတက်မှ ဆေးဝါးများထုတ်လုပ်ရောင်းချလျက်ရှိ

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်းလီမိတက်သည် ကိုဗစ်-၁၉ ကာလအတွင်း အများပြည်သူများ လိုအပ်လျက်ရှိသော ဆေးဝါးများ ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ချိရောင်းချပေးလျက်ရှိကြောင်း သိရသည်။



### ဈေးနှုန်းသက်သာစွာ ရောင်းချ

ထိုသို့ ထုတ်လုပ်ရောင်းချပေးရာတွင် အရက်ပြန်၊ Germitol (ဂျာမီတော)အဆင့်မြင့် ကြမ်းတိုက်ဆေးရည်၊ Lervinol (လာဗီနော) ရေမွှေးနံ့ ပိုးသန့်စင်ဆေးရည်များကို FDA ထောက်ခံချက်အမှတ် 9912-PL-0016 (96) ဖြင့် ထုတ်လုပ်၍ ဓာတုကုန်ကြမ်းဆိုင်များ၊ ပုဂ္ဂလိကဆေးဆိုင်များ၊ အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် နယ်မြို့များသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

သတင်းစဉ်



## လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၃၁

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရပြီး မကွေးနှင့် ရခိုင်အသင်းတို့ သရေကျခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရေး မျှော်လင့်ချက်အတွက် လက်ကျန်ပွဲများတွင် အားထည့်ကစားနေပြီး နိုင်ပွဲဆက်ခဲ့သည့်အပြင် ဂိုးပြတ်ပါသွင်းယူနိုင်ခဲ့၍ ကျေနပ်စရာဖြစ်ခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ○


